# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်
# သတ္တမပုံမှန်အစည်းအဝေး
# (၃၀) ရက်မြောက်နေ့ မှတ်တမ်း



| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ နေရာယူခြင်း | ၁ |
| ၂ | ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင် ကျင်းပကြောင်း ကြေညာခြင်း | ၁ |
| ၃ | အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း | ၂ |
| ၄ | ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ စည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း | ၃ |
| ၅ | လင်းခေးမြို့နယ်ရှိ ယခင် အမှတ်(၁) စက်မှုဝန်ကြီးဌာနမှ ဗာဂျီးနီးယား ဆေးလုပ်ငန်း ဆောင်ရွက်ခဲ့သော မြေနေရာ၊ အဆောက်အဦများအား မြို့ဖွံ့ဖြိုး တိုးတက်ရေးလုပ်ငန်းဆောင်ရွက်ရန်နှင့် မူလပိုင်ရှင်များသို့ ပြန်လည်စွန့်လွှတ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း | ၃ |
| ၆ | လတ်တလောရပ်ဆိုင်းထားသော အမှတ်(၁) သံမဏိစက်ရုံ (မြင်းခြံ) တိုးချဲ့စီမံကိန်းအား ဆက်လက် ဆောင်ရွက်ရန် အစီအမံများရေးဆွဲ ထားခြင်း ရှိ/မရှိနှင့်စပ်လျဉ်းသည့် မေးခွန်း | ၆ |
| ၇ | ချီဖွေမြို့နယ်တွင် မြို့နယ်စာရင်းစစ်ဦးစီးရုံးတစ်ခု ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့်စပ်လျဉ်းသည့် မေးခွန်း | ၁၃ |
| ၈ | ခေါင်လန်ဖူးမြို့ရှိ ဌာနဆိုင်ရာရုံးများ၊ ဝန်ထမ်းများအဆင်ပြေစေရန်နှင့် ရုံးပိုင်းဆိုင်ရာလုပ်ငန်းများအား လွယ်ကူလျင်မြန်စေရန် ပူတာအိုမှ စာရင်းစစ်ဝန်ထမ်းများအား ခေါင်လန်ဖူးမြို့သို့စေလွှတ်ပြီး ဌာနဆိုင်ရာရုံးများကို စာရင်းစစ်ဆေးပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း | ၁၄ |
| ၉ | ချမ်းအေးသာစံမြို့နယ်အတွင်းရှိ(၂၇)လမ်းအား (၇၈)လမ်းဘက်မှ မန္တလေးဘူတာပါဆယ်(၂)ယာဒ်ဝင်း ကိုဖြတ်၍(၇၉)လမ်းသို့ သွယ်တန်းချိတ်ဆက် ဖောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့် မေးခွန်း | ၁၆ |
| ၁၀ | မာန်အောင်မြို့နယ်၊ သစ်ချောင်းနှင့် ကျီးချောင်းအဝင် ချောင်းအဝများအား မော်တော်နှင့် လှေများ အချိန်မရွေးဝင်နိုင်၊ ထွက်နိုင်ရေးအတွက် ပြန်လည်တူးဖော်ပေးရန်အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း | ၂၂ |
| ၁၁ | အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့်အတည်ပြု၍ ပေးပို့လာသော နိုင်ငံ့ဝန်ထမ်းဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ | ၂၅ |

တင်သွင်းထားသည့် ပြင်ဆင်ချက် အဆိုအား ဆွေးနွေးခြင်းနှင့် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း

၁၂ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၃၀) ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၃၁) ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကိုကြေညာခြင်း ၃၅

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမ ပုံမှန်အစည်းအဝေး

## (၃၀) ရက်မြောက်နေ့ အစီအစဉ်

## [ ၂၁–၃–၂၀၁၈ ] (ဗုဒ္ဓဟူးနေ့) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၃၀) ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း–

(က) ဦးစိုင်းဘသိန်း၊ လင်းခေး မဲဆန္ဒနယ်၏ **လင်းခေးမြို့နယ်ရှိ ယခင် အမှတ်(၁)စက်မှုဝန်ကြီးဌာနမှ ဗာဂျီးနီးယားဆေးလုပ်ငန်း ဆောင်ရွက်ခဲ့သော မြေနေရာ၊ အဆောက်အဦများအား မြို့ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းဆောင်ရွက်ရန်နှင့် မူလပိုင်ရှင်များသို့ ပြန်လည်စွန့်လွှတ်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဒေါ်ခင်နှင်းသစ်၊ ပန်းတောင်း မဲဆန္ဒနယ်၏ **လတ်တလောရပ်ဆိုင်းထားသော အမှတ် (၁) သံမဏိစက်ရုံ (မြင်းခြံ) တိုးချဲ့စီမံကိန်းအား ဆက်လက် ဆောင်ရွက်နိုင်ရန် အစီအစဉ်များ ရေးဆွဲထားခြင်း ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးဖုံးတိန့်၊ ချီဖွေ မဲဆန္ဒနယ်၏ **ချီဖွေမြို့နယ်တွင် မြို့နယ်စာရင်းစစ် ဦးစီးရုံးတစ်ခု ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးအာမိုးဆီ၊ ခေါင်လန်ဖူး မဲဆန္ဒနယ်၏ **ခေါင်လန်ဖူးမြို့ရှိ ဌာနဆိုင်ရာ ရုံးများ၊ ဝန်ထမ်းများအဆင်ပြေစေရန်နှင့် ရုံးပိုင်းဆိုင်ရာလုပ်ငန်းများ လွယ်ကူလျင်မြန်စေရန် ပူတာအိုမှစာရင်းစစ်ဝန်ထမ်းများအား ခေါင်လန်ဖူးမြို့သို့ စေလွှတ်ပြီး ဌာနဆိုင်ရာရုံးများကို စာရင်းစစ်ဆေး ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးမျိုးနိုင်၊ ချမ်းအေးသာစံ မဲဆန္ဒနယ်၏ **ချမ်းအေးသာစံမြို့နယ် အတွင်းရှိ (၂၇)လမ်းအား (၇၈)လမ်းဘက်မှ မန္တလေးဘူတာ ပါဆယ်(၂) ယာဒ်ဝင်းကို ဖြတ်၍ (၇၉)လမ်းသို့ သွယ်တန်းချိတ်ဆက် ဖောက်လုပ် ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဦးတင်နု(ခ)ဦးတင်နုအောင်၊ မာန်အောင် မဲဆန္ဒနယ်၏ **မာန်အောင် မြို့နယ်၊ သစ်ချောင်းနှင့် ကျီးချောင်းအဝင် ချောင်းအဝများအား မော်တော်နှင့်လှေများ အချိန်မရွေး ဝင်နိုင်၊ ထွက်နိုင်ရေးအတွက် ပြန်လည်တူးဖော်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၆။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော **"နိုင်ငံ့ဝန်ထမ်းဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း"** နှင့် စပ်လျဉ်း၍ တင်သွင်းထားသည့် ပြင်ဆင်ချက်အဆိုအား ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း၊

၇။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမ ပုံမှန်အစည်းအဝေး (၃၀) ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၃၁)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး
# (၃၀)ရက်မြောက်နေ့မှတ်တမ်း

**၁၃၇၉ ခုနှစ်၊ တန်ခူးလဆန်း ၅ ရက်**
**(၂၀၁၈ ခုနှစ်၊ မတ်လ ၂၁ ရက်)**
**(ဗုဒ္ဓဟူးနေ့)**

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၃၀)ရက်မြောက်နေ့ကို နံနက် ၁၀း၃၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၃၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး(၃၀)ရက်မြောက်နေ့ အစီအစဉ်စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌသည် ဒုတိယဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဒုတိယဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော်အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဒုတိယဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၃၀)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ၄၃၃ ဦးရှိတဲ့အနက် ၄၀၇ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၉၄.၀၀ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဒေါက်တာလှမိုး(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၀၁၈ ခုနှစ်၊ မတ်လ ၂၁ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၃၀)ရက်မြောက်နေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီအတွင်းရေးမှူး ကျွန်တော် ဒေါက်တာလှမိုး၊ အောင်မြေသာစံမဲဆန္ဒနယ်က ကိုယ်စား ခွင့်ပန်ကြားသွားမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှာ ယနေ့တက်ရောက်ခွင့်ရှိသောကိုယ်စားလှယ် ၄၃၃ ဦးရှိပြီး တက်ရောက်သူကိုယ်စားလှယ် ၄၀၇ ဦးရှိကာ ယနေ့ခွင့်ပန်ကြားသူ ၁၈ ဦးရှိပါတယ်။ ခွင့်ပန်ကြားသူကိုယ်စားလှယ်များကတော့-

(၁) ဘောလခဲမဲဆန္ဒနယ်မှ ဦးအေးမောင် အစည်းအဝေးပြီးဆုံးသည့်ထိ၊
(၂) မောင်တောမဲဆန္ဒနယ်မှ ဦးလှထွန်းကျော် အစည်းအဝေးပြီးဆုံးသည့်ထိ၊
(၃) ဥတ္တရသီရိမဲဆန္ဒနယ်မှ ဦးကျော်မင်းလှိုင် ခွင့် ၁ ရက်၊
(၄) မိုင်းဖြတ်မဲဆန္ဒနယ်မှ ဦးလင်းဇော်ထွန်း ခွင့် ၃ ရက်၊
(၅) မိုင်းရယ်မဲဆန္ဒနယ်မှ ဦးစိုင်းသီဟကျော် အစည်းအဝေးပြီးဆုံးသည့်ထိ၊
(၆) မိုင်းကိုင်မဲဆန္ဒနယ်မှ ဦးစိုင်းဆိုင်မိုင်း ခွင့် ၃ ရက်၊
(၇) မိုးညိုမဲဆန္ဒနယ်မှ ဦးကျော်မျိုးမင်း ခွင့် ၁ ရက်၊
(၈) သရက်မဲဆန္ဒနယ်မှ ဦးကံမြင့် ခွင့် ၃ ရက်၊
(၉) သုံးခွမဲဆန္ဒနယ်မှ ဒေါ်စုစုလွင် ခွင့် ၃ ရက်၊
(၁၀) မံစီမဲဆန္ဒနယ်မှ ဦးချင်းဖေလင်း ခွင့် ၁ ရက်၊
(၁၁) ရှားတောမဲဆန္ဒနယ်မှ ဒေါ်ဝင့်ဝါထွန်း ခွင့် ၃ ရက်၊
(၁၂) ဒိုက်ဦးမဲဆန္ဒနယ်မှ ဦးဘုန်းမြင့်အောင် ခွင့် ၁ ရက်၊
(၁၃) နမ့်စန်မဲဆန္ဒနယ်မှ ဦးငွေးလွင်(ခ)ဦးဒီလုံး ခွင့် ၃ ရက်၊
(၁၄) မိုင်းပျဉ်းမဲဆန္ဒနယ်မှ ဦးစိုင်းထွန်းစိန် အစည်းအဝေးပြီးဆုံးသည့်ထိ၊
(၁၅) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးချုပ်တင်စိုး ခွင့် ၃ ရက်၊
(၁၆) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးကြီးသန်းအောင် ခွင့် ၃ ရက်၊
(၁၇) ကော့သောင်းမဲဆန္ဒနယ်မှ ဦးခင်ဇော် ခွင့် ၁ ရက်နှင့်

(၁၈) တာမွေမဲဆန္ဒနယ်မှ ဦးဝင်းမြင့် ခွင့် ၁ ရက်တို့ဖြစ်ကြပါတယ်။ ယခင် ခွင့်ပန်ကြားသူ ၈ ဦး၊ ယနေ့ခွင့်ပန်ကြားသူ ၁၈ ဦး စုစုပေါင်း ခွင့်ပန်ကြားသူ ၂၆ ဦးရှိပါတယ်။ ခွင့်မဲ့ ပျက်ကွက်သူမရှိပါကြောင်းနှင့် အထက်ပါကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားမှုအား ခွင့်အဖြစ်ခွင့်ပြုပေးပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

**ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့် ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၃၃ ဦး၊ ယခင်ကခွင့်ပန်ကြား၍ခွင့်ပြုထားသူ ၈ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၁၈ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူ စုစုပေါင်း ၂၆ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေတင်ပြချက်ကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ အစီအစဉ် ၅ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ်စတင်ဆောင်ရွက်ပါမယ်။

**လင်းခေးမြို့နယ်ရှိ ယခင် အမှတ်(၁) စက်မှုဝန်ကြီးဌာနမှ ဗာဂျီးနီးယားဆေးလုပ်ငန်း ဆောင်ရွက်ခဲ့သော မြေနေရာ၊ အဆောက်အဦများအား မြို့ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းဆောင်ရွက်ရန်နှင့် မူလပိုင်ရှင်များသို့ ပြန်လည်စွန့်လွှတ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ ပထမဦးစွာ လင်းခေးမဲဆန္ဒနယ်မှ ဦးစိုင်းဘသိန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းဘသိန်း(လင်းခေးမဲဆန္ဒနယ်)**။ ။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအဆင့်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်၊ လင်းခေးမဲဆန္ဒနယ် ကိုယ်စားလှယ် ဦးစိုင်းဘသိန်း ဖြစ်ပါတယ်။ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လင်းခေးမြို့နယ်မှာ ၁၉၅၀ ခုနှစ်ဝန်းကျင်လောက်က ဗာဂျီးနီးယားဆေး

စိုက်ပျိုးပေါင်းတင်ထုတ်လုပ်ခြင်းလုပ်ငန်းကို အစိုးရ၊ ပုဂ္ဂလိကနှင့် သမဝါယမတို့မှ ကျယ်ပြန့်စွာ ဆောင်ရွက်ခဲ့တဲ့ စီးပွားရေးလုပ်ငန်းရှိခဲ့ပါတယ်။ ၁၉၆၂ ခုနှစ်နောက်ပိုင်းမှာကျတော့ ပုဂ္ဂလိကလုပ်ငန်းတွေကိုပိတ်ပင်ခံရပြီး အစိုးရနှင့် သမဝါယမကဏ္ဍက တောင်သူတွေ စိုက်ပျိုးတဲ့ ဗာဂျီးနီးယားဆေးရွက်စိမ်းတွေကို ဝယ်ယူပြီး ပေါင်းတင် အခြောက်ခံပြီးတော့ နံပါတ်(၁) စက်မှုဝန်ကြီးဌာနပိုင် စီးကရက်စက်ရုံကို ဗာဂျီးနီးယားဆေးရွက်ခြောက်တွေ သွင်းခဲ့ရပါတယ်။ လင်းခေး ဗာဂျီးနီးယားဆေးဟာ အနံ့အရသာ အထူးကောင်းမွန်လှတဲ့အတွက် အဲဒီတုန်းက နိုင်ငံခြား ပြည်ပကိုတင်ပို့တဲ့ ဒူးယား စီးကရက် အဝါရောင်ဗူးမှာ မဖြစ်မနေထည့်သွင်းခဲ့ရတယ်ဆိုတာကို သိရှိခဲ့ရပါတယ်။ နောက်ပိုင်းမှာ အမှတ်(၁)စက်မှုဝန်ကြီးဌာနက လွဲမှားတဲ့စီမံခန့်ခွဲမှုတွေကြောင့် ဆေးရွက်ခြောက်အရည်အသွေး ကျဆင်းပြီးတော့ မြန်မာ့စီးကရက်လုပ်ငန်းဟာလည်း ရေစုန်မျှောခဲ့ရပါတယ်။

၁၉၉၀ နောက်ပိုင်းမှာ လင်းခေးမြို့နယ်မှာရှိတဲ့ ဗာဂျီးနီးယားဆေးပေါင်းတင်ခြင်းလုပ်ငန်းများ ရပ်ဆိုင်းခဲ့ရပြီးတော့ ဆေးပေါင်းရုံမြေနေရာများ၊ ဆေးပေါင်းစခန်းများ မြို့မြေနေရာနှင့် အလုပ်ရုံများကို အသုံးပြုခြင်းမရှိတော့တာကို တွေ့ရှိခဲ့ရပါတယ်။ ဖော်ပြပါအခြေအနေကို တွေ့ရှိနိုင်ဖို့ Power Point ဖြင့် တင်ပြခွင့်ပြုစေလိုပါတယ်။ စိစစ်တွေ့ရှိချက်အရ မြေနေရာပေါင်း ၁၄ နေရာရှိပြီးတော့ အကျယ်အဝန်း ၁၇.၁၂၇ ဧကခန့်ရှိတာကို တွေ့ရပါတယ်။ ယခုအခါ ပြုပြင်ထိန်းသိမ်းမှုမရှိတော့ဘဲ ပျက်စီးယိုယွင်းနေပြီး ခြုံနွယ်ပိတ်ပေါင်းများ ထူထပ်နေတာကို တွေ့ရပါတယ်။ ကြွက်တွေ၊ ခြင်တွေ၊ မူးယစ်ဆေးဝါးသုံးစွဲတဲ့ မသမာသူများခိုအောင်းရာနေရာဖြစ်ပြီး တစ်ခါက လူသေမှုပင် ဖြစ်ခဲ့တာကို တွေ့ခဲ့ရပါတယ်။ ဧည့်စာရင်းတိုင်ရန်မလိုအပ်တော့တဲ့ ယခုအချိန်မှာ တချို့အဆောက်အဦများ၌ မြို့နယ်ပြင်ပကနေပြီးတော့ လာရောက်ကြတဲ့လူတွေ တည်းခိုနေထိုင်မှုများရှိနေတာကို တွေ့နေရပါတယ်။ ဗာဂျီးနီးယားဆေးလုပ်ငန်း စတင်ခဲ့တဲ့ကာလမှာ မြို့နယ်လူဦးရေနည်းပါးပြီးတော့ အိမ်ခြေကျဲပါးတဲ့အတွက် ဆေးပေါင်းရုံတည်ခဲ့တဲ့အလုပ်မြေနေရာများဟာ ပတ်ဝန်းကျင်နဲ့ သဟဇာတဖြစ်ခဲ့တယ်လို့ ဆိုနိုင်ပေမဲ့ ယခုတော့ တိုးပွားလာတဲ့လူဦးရေနှင့်အတူ လူနေအိမ်ခြေများထူထပ်လာပြီးဖြစ်တဲ့အတွက် ဆေးပေါင်းရုံမြေနေရာတွေဟာ လူ့ပတ်ဝန်းကျင်နဲ့ လိုက်လျောညီထွေ မရှိတော့ပါ။ လင်းခေးမြို့ဟာ ယခုအခါမှာ ခရိုင်ရုံးစိုက်ရာမြို့ဖြစ်တဲ့အတွက် မြို့ရဲ့လိုအပ်ချက်နှင့်အညီ ဝန်ထမ်းအိမ်ရာတွေ၊ လိုင်းပေါင်းစုံမော်တော်ယာဉ်ကွင်းတွေ၊ အုပ်ချုပ်ရေးမှူးရုံးတွေ၊ ဓမ္မာရုံများနှင့် လူနေအိမ်ခြေများ အခြားဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အဆောက်အဦများ အမြောက်အမြားလိုအပ်နေတာကို တွေ့ရပါတယ်။ စိစစ်တွေ့ရှိချက်များအရ အဲဒီတုန်းက ဆေးပေါင်းရုံတည်ခဲ့တဲ့မြေနေရာများဟာ မြို့၊ ရွာ၊ ကွက်လပ်မြေတွေဖြစ်ပြီး တချို့မှာ မူလပိုင်ရှင်ရှိတဲ့မြေကွက်များဖြစ်ပါတယ်။ တချို့မြေများဟာ ပုဂ္ဂလိကပိုင် ဆေးပေါင်းရုံများကို ဌာနပိုင်ဖော်ပြထားတာကို တွေ့ရှိရပါတယ်။ သို့ဖြစ်ပါ၍ လင်းခေးမြို့နယ်ရှိ ယခင်အမှတ်(၁)စက်မှုဝန်ကြီးဌာန ဗာဂျီးနီးယားဆေးလုပ်ငန်းဆောင်ရွက်ခဲ့တဲ့မြေနေရာနှင့် အဆောက်အဦများအား မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းဆောင်ရွက်ရန်နှင့် မူလပိုင်ရှင်များသို့ ပြန်လည်စွန့်လွှတ်ရန် သက်ဆိုင်ရာဝန်ကြီးဌာန၏ ဆောင်ရွက်ပေးနိုင်မှုအခြေအနေကို သိရှိလိုပါသဖြင့် လွှတ်တော်ကြီးမှတစ်ဆင့် ပြည်သူလူထုများကိုယ်စား မေးမြန်းတင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ ကာကွယ်ရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဗိုလ်ချုပ်မြင့်နွယ်(ဒုတိယဝန်ကြီး၊ ကာကွယ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဆုတောင်းမေတ္တာပို့သ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဗိုလ်ချုပ်မြင့်နွယ် ဖြစ်ပါတယ်။ ရှမ်းပြည်နယ်၊ လင်းခေးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဘသိန်း၏ လင်းခေးမြို့နယ်ရှိ ယခင် အမှတ်(၁) စက်မှုဝန်ကြီးဌာနမှ ဗာဂျီးနီးယားဆေးလုပ်ငန်းဆောင်ရွက်ခဲ့သော မြေနေရာနှင့် အဆောက်အဦများအား မြို့ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းဆောင်ရွက်ရန်နှင့် မူလပိုင်ရှင်များသို့ ပြန်လည်စွန့်လွှတ်ရန် သက်ဆိုင်ရာဝန်ကြီးဌာန၏ ဆောင်ရွက်ပေးနိုင်မှုအခြေအနေကို သိရှိလိုခြင်း ကြယ်ပွင့်ပြမေးခွန်းနှင့်ပတ်သက်၍ မူလပိုင်ရှင်မှာ အမှတ်(၁) စက်မှုဝန်ကြီးဌာနဖြစ်သော်လည်း လက်ရှိမှာ မြဝတီထရေးဒင်းလီမိတက်ပိုင်ဖြစ်သွားပါသဖြင့် ကာကွယ်ရေးဝန်ကြီးဌာနမှ ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်မှ ရာနှုန်းပြည့်ထောက်မထားသော မြဝတီထရေးဒင်းလီမိတက်သည် ပုဂ္ဂလိကပိုင် ပြုလုပ်ရေးကော်မရှင်၏ ၂၀၁၀ ပြည့်နှစ်၊ ဇွန်လ ၈ ရက် ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်(၄၇/၂၀၁၀)အရ အမှတ်(၁) စက်မှုဝန်ကြီးဌာန၊ မြန်မာ့ဆေးဝါးနှင့် စားသောက်ကုန်လုပ်ငန်း၊ ဗာဂျီးနီးယားဆေးလုပ်ငန်းစက်ရုံအောက်ရှိ ပခုက္ကူကုန်ထုတ်ဌာနခွဲ၊ မန္တလေးကုန်ထုတ်ဌာနခွဲတို့၏ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ကုန်ထုတ်ဌာနစုများအလိုက် ဆေးပေါင်းစခန်း ၄၁ ခု၊ အေးဆေးစခန်းသုံးခု၊ ဆက်စပ်အဆောက်အဦများ၊ ဝန်ထမ်းအိမ်ရာများပါဝင်သည့် မြေနှင့်အခြားမြေလွတ်ဧရိယာ ၅၀၁.၂၆ ဧကအား စုစုပေါင်းတန်ဖိုးငွေကျပ် ၇၄၁၁.၉၄၄ သန်းဖြင့် ဝယ်ယူခဲ့ပြီး ကျသင့်တန်ဖိုးငွေများကို အကျေပေးချေပြီးဖြစ်၍ အမှတ်(၁) စက်မှုဝန်ကြီးဌာန၊ မြန်မာ့ဆေးဝါးနှင့် စားသောက်ကုန်လုပ်ငန်း၏ ၂၀၁၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၃ ရက် ရက်စွဲပါ ရုံးအမိန့်အမှတ်(၅၁၁/၂၀၁၀)အရ လွှဲပြောင်း/လက်ခံရေးအဖွဲ့ဖြင့် စနစ်တကျလွှဲပြောင်း/လက်ခံခဲ့ပြီးဖြစ်ပါတယ်။

ရှမ်းပြည်နယ်၊ လင်းခေးခရိုင်၊ လင်းခေးမြို့နယ်အတွင်း၌ ဗာဂျီးနီးယားဆေးပေါင်းစခန်း ၁၄ ခုရှိပြီး စုစုပေါင်းမြေဧရိယာမှာ ၁၆.၁၂၇ ဧက၊ မြေတန်ဖိုးငွေကျပ် ၁၆.၇၉၇ သန်း၊ အဆောက်အဦတန်ဖိုးငွေကျပ် ၂၂၇.၁၆၆ သန်း စုစုပေါင်း တန်ဖိုးငွေကျပ် ၂၄၃.၉၆ သန်းဖြင့် ယခင် အမှတ်(၁) စက်မှုဝန်ကြီးဌာနသို့ ပေးချေခဲ့ပြီးဖြစ်ပါတယ်။ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်မှ ရာနှုန်းပြည့်ထောက်မထားသော မြဝတီထရေးဒင်းလီမိတက်အနေဖြင့် ၎င်းမြေများအား သိမ်းယူထားခြင်းမဟုတ်ဘဲ စီးပွားရေးလုပ်ငန်းများဆောင်ရွက်ရန်အတွက် နိုင်ငံတော်မှ တရားဝင်ဝယ်ယူထားခဲ့ပြီး ကျသင့်တန်ဖိုးငွေများကိုလည်း ယခင် အမှတ်(၁) စက်မှုဝန်ကြီးဌာနသို့ အကျေပေးချေခဲ့ပြီးဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့ဆေးဝါးနှင့် စားသောက်ကုန်လုပ်ငန်း၊ ဗာဂျီးနီးယားဆေးလုပ်ငန်းစက်ရုံ ကြီးကြပ်မှုအောက် မန္တလေးကုန်ထုတ်ဌာနခွဲ၊ လင်းခေးဌာနစုအောက်ရှိ ဗာဂျီနီးယားဆေးပေါင်းစခန်းများနှင့် မြေနေရာအား ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်၏ ခွင့်ပြုမိန့်ဖြင့် မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်မှ ကျသင့်တန်ဖိုးငွေများ ပေးချေဝယ်ယူထားရှိပြီးဖြစ်သည့်

အတွက် ပြန်လည်စွန့်လွှတ်ပေးနိုင်ခြင်းမရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**လတ်တလောရပ်ဆိုင်းထားသော အမှတ်(၁)သံမဏိစက်ရုံ(မြင်းခြံ)တိုးချဲ့စီမံကိန်းအား ဆက်လက်ဆောင်ရွက်ရန် အစီအစဉ်များရေးဆွဲထားခြင်းရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ ပန်းတောင်းမဲဆန္ဒနယ်မှ ဒေါ်ခင်နှင်းသစ် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်ခင်နှင်းသစ်(ပန်းတောင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါရှင်။ ကျွန်မကတော့ ပန်းတောင်းမဲဆန္ဒနယ်မှ ဒေါ်ခင်နှင်းသစ် ဖြစ်ပါတယ်။ လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုတဲ့မေးခွန်းကတော့ (၁) လတ်တလောရပ်ဆိုင်းထားသော အမှတ်(၁)သံမဏိစက်ရုံ(မြင်းခြံ)တိုးချဲ့စီမံကိန်းအား ဆက်လက်ဆောင်ရွက်နိုင်ရန် အစီအစဉ်များရေးဆွဲထားခြင်းရှိ/မရှိ၊ (၂)အကယ်၍ စီမံကိန်းပြန်လည်ဆောင်ရွက်ခွင့်ရရှိပါက နိုင်ငံတော်အတွက် မည်သို့သောအကျိုးကျေးဇူးများ ရရှိနိုင်ပါမည်နည်းတို့ဖြစ်ပါတယ်။ ဒုတိယဥက္ကဋ္ဌကြီးရှင် မေးခွန်းမေးမြန်းရတဲ့ ကျိုးကြောင်းဖော်ပြချက်ကတော့ ကျွန်မတို့နိုင်ငံမှာ စက်မှုဝန်ကြီးဌာနအောက်က လတ်တလောရပ်ဆိုင်းထားတဲ့ စီမံကိန်းနှစ်ခုအပါအဝင် တည်ဆောက်ပြီးလည်ပတ်လျက်ရှိသော စက်ရုံ ၂၄ ခု ရှိပါတယ်။ ဒီအထဲမှာ အိုဟောင်းလို့၊ ခေတ်နဲ့မညီတော့လို့ ပိတ်သိမ်းသင့်တဲ့ စက်ရုံတွေပါဝင်သလို ရပ်ဆိုင်းထားရင် တိုင်းပြည်အတွက် လွန်စွာထိခိုက်နေတဲ့ စီမံကိန်းတွေလည်း ပါဝင်နေပြီး အဲ့ဒီအထဲမှာ အမှတ်(၁) သံမဏိစက်ရုံ(မြင်းခြံ)တိုးချဲ့စီမံကိန်းလဲပါဝင်နေပါတယ်။

ဒုတိယဥက္ကဋ္ဌကြီးရှင် ယင်းစီမံကိန်းရဲ့ လေ့လာထားမှုကို အသေးစိတ်တင်ပြလို၍ Power Point အသုံးပြုခွင့်ပေးပါရှင်။ ဒီစီမံကိန်းမှာ Phase သုံးခုပါဝင်ပြီး ဒါကတော့ Phase-II ပါလုပ်ငန်းရဲ့ ဆောင်ရွက်ထားမှုဖြစ်ပြီး CDB ဘဏ်မှ အတိုးနှုန်း ၄.၅ ရာခိုင်နှုန်းနဲ့ ချေးယူဆောင်ရွက်ထားကြောင်း တွေ့ရှိနိုင်ပါတယ်။ Phase-II ပါလုပ်ငန်းဖြစ်ပြီး ၁၀၀ ရာခိုင်နှုန်းထိ ပြီးစီးနေမှုဖြစ်ပါတယ်။ Phase-II ပါလုပ်ငန်းဖြစ်ပြီး ၉၉.၅၇ ရာခိုင်နှုန်းအထိ ပြီးစီးနေတာဖြစ်ပါတယ်။ Phase-II ပါလုပ်ငန်းဖြစ်ပြီး ၆၅ ရာခိုင်နှုန်းနဲ့ ၃၂ ရာခိုင်နှုန်း ပြီးစီးနေတာဖြစ်ပါတယ်။ Phase-II ပါလုပ်ငန်းတွေကို အနည်းငယ်ထပ်မံရင်းနှီးမြှုပ်နှံပြီး လုပ်ကိုင်မယ်ဆိုရင် ထုတ်ကုန်တွေရရှိမှာဖြစ်ပေမဲ့ ရပ်ထားတဲ့အတွက် အထက်ပါ ပြီးစီးမှုတွေဟာ ဘာမှတန်ဖိုးမရှိဖြစ်နေပါတယ်။ တိုးချဲ့စီမံကိန်းထဲမှာပါဝင်တဲ့ Phase-II (A) ဖြစ်ပြီး ငါးရာခိုင်နှုန်းအတိုးနဲ့ ချေးငွေယူပြီးဆောင်ရွက်ထားမှုများကို ဖော်ပြထားတာဖြစ်ပါတယ်။ Phase-II(A) ပါလုပ်ငန်းရဲ့ပြီးစီးနေမှုဖြစ်ပါတယ်။ Phase-II(A)ပါလုပ်ငန်းရဲ့ မပြီးဆုံးသေးသော မြေပြင်အနေအထားများဖြစ်ပါတယ်။ တိုးချဲ့စီမံကိန်း Phase-III ကို ငါးရာခိုင်နှုန်းအတိုးနဲ့ ချေးငွေယူပြီးဆောင်ရွက်ထားကြောင်း ဖော်ပြချက်ဖြစ်ပါတယ်။ Phase-III ပါ ဆောင်ရွက်ထားမှုဖြစ်ပါတယ်။ Phase-II(A)နှင့် Phase-III တို့တွင် မြေပြင်မှာမဆောင်ရွက်ရသေးတာတွေ၊ မပြီးသေးတာတွေ ရှိနေပါတယ်။ ဒီလုပ်ငန်းတွေကို မပြီးသေးလို့ ဆက်မလုပ်ဘူးဆိုရင်လည်း ဆိုင်းငံ့ကာလကျော်လွန်နေပြီဖြစ်လို့ ချေးငွေနဲ့ အတိုးအရင်းတို့ကိုတော့ ပြန်ဆပ်နေရပြီလို့သိရှိရပါတယ်။

ဒါကတော့ ကျွန်မရဲ့လေ့လာချက်အရ တွေ့ရှိထားတဲ့ အဆိုပါစီမံကိန်းဆက်လက်ဆောင်ရွက် သင့်တဲ့ များစွာသောအကြောင်းတရားများကို ဖော်ပြထားတာဖြစ်ပါတယ်။ ဒီဖော်ပြချက်ဟာ တိုင်းပြည် အတွက် ပကတိရင်ဆိုင်ဖြေရှင်းနေရတဲ့ အခြေအနေမှန်များ ဖြစ်ပါတယ်။ အထက်ဖော်ပြပါ တိုးချဲ့ စီမံကိန်းသုံးခုစလုံးအတွက် ချေးငွေများကို အတိုးနဲ့ဆောင်ရွက်ထားကြောင်း ၂၀၃၂ ခုနှစ်ထိ အနှစ် ၂၀ အတွင်း ပေးဆပ်ရမယ့်အတိုးများဟာလည်း ချေးငွေ ၁.၀၄၂ ယူရိုဘီလီယံအတွက် အတိုးယူရို ၅၈၂ သန်း ပေးဆပ်နေရခြင်းဖြစ်ကြောင်းတို့ကို မြင်တွေ့သိရှိနိုင်ပါတယ်။ ယခုရပ်ဆိုင်းထားတယ်လို့ ဆိုပေမဲ့လည်း Power Point ပါအတိုင်း ချေးငွေနဲ့အတိုးများကိုတော့ ပေးဆပ်နေရတယ်လို့ သိရှိရ ပါတယ်။

ဒုတိယဥက္ကဋ္ဌကြီးရှင့်။ အဆိုပါစီမံကိန်းကိုသုံးသပ်ကြည့်ပါက နိုင်ငံပိုင်ငွေဖြင့်တည်ဆောက် ခဲ့ခြင်းမဟုတ်ဘဲ အတိုးနှုန်း ၄.၅ ငါးရာခိုင်နှုန်းမှ ငါးရာခိုင်နှုန်းနဲ့ နိုင်ငံခြားချေးငွေယူကာ ဆောင်ရွက် ခဲ့ခြင်းဖြစ်ကြောင်းတွေ့ရှိနိုင်ပါတယ်။ ဒါ့ကြောင့် စီမံကိန်းရဲ့တည်ဆောက်ဆဲလုပ်ငန်းများကို လျင်မြန်စွာ လက်စသတ်တည်ဆောက်ပေးပြီး ကုန်ချောအဆင့်ထုတ်လုပ်နိုင်မှသာ နှစ်စဉ်ပြန်လည်ပေးဆပ်ရမယ့် နိုင်ငံခြားကြွေးမြီအတိုးအရင်းတို့ကို ပေးဆပ်နိုင်မှာဖြစ်ပါတယ်။ စီမံကိန်းကိုရှုံးလို့ ဆက်လက် ရပ်ဆိုင်းထားမယ်ဆိုရင်တော့ ဝယ်ယူထားပြီးဖြစ်တဲ့ စက်ပစ္စည်းများ၊ ရင်းနှီးမြှုပ်နှံပြီးသော တည်ဆောက်ဆဲ၊ တည်ဆောက်ပြီး အလုပ်ရုံများမှာလည်း ပျက်စီးဆုံးရှုံးနိုင်သလို နှစ်စဉ်ပေးဆပ်ရမယ့် နိုင်ငံခြားကြွေးမြီတွေအတွက်လည်း ပြည်သူ့ဘဏ္ဍာမှလည်း ကျခံရမှာဖြစ်လို့ နိုင်ငံတော်အတွက် လွန်စွာထိခိုက်နေတဲ့အတွက် အထက်ပါမေးခွန်းများကို မေးမြန်းရခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါ တယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ စက်မှုဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးခင်မောင်ချို (ပြည်ထောင်စုဝန်ကြီး၊ စက်မှုဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ စက်မှုဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို ဖြစ်ပါတယ်ခင်ဗျား။ ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ သံမဏိစက်ရုံ စီမံကိန်းလုပ်ငန်းများဟာ နိုင်ငံတော်အတွက် အထူးအရေးကြီးသော စီမံကိန်းများဖြစ်ကြပါတယ်။ ၎င်းစီမံကိန်းများအတွက် ရင်းနှီးမြှုပ်နှံမှုပဏာမဟာလည်း အလွန်အင်မတန်များပြားလှပြီးတော့ နိုင်ငံတော်အတွက် မရှိမဖြစ် လိုအပ်နေတဲ့ သံနှင့်သံမဏိများကိုလည်း ပြုလုပ်ပေးနိုင်မှာဖြစ်တဲ့အပြင် သွင်းကုန်အစားထိုး ထုတ်လုပ် နိုင်မယ့် အခြေအနေလည်းရှိနေတာဖြစ်တဲ့အတွက် နိုင်ငံတော်မှာလက်ရှိဖြစ်ပေါ်နေသော ပကတိ အခြေအနေကို သုံးသပ်နိုင်ပါရန်အတွက် အချိန်အနည်းငယ်ပိုမိုရယူပြီးတော့ ရှင်းလင်းတင်ပြ ခွင့်ပြုပါရန် တောင်းခံအပ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး၊ ပန်းတောင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါ်ခင်နှင်းသစ်မှ လတ်တလောရပ်ဆိုင်းထားသော အမှတ်(၁)သံမဏိစက်ရုံ(မြင်းခြံ) တိုးချဲ့စီမံကိန်းအား ဆက်လက်ဆောင်ရွက်ရန် အစီအမံများရေးဆွဲထားခြင်းရှိ/မရှိ၊ အကယ်၍ စီမံကိန်း

ပြန်လည်ဆောင်ရွက်ခွင့်ရရှိပါက နိုင်ငံတော်အတွက် မည်ကဲ့သို့သောအကျိုးကျေးဇူးများရရှိနိုင်ပါမည်နည်းနှင့်စပ်လျဥ်းသည့် မေးခွန်းအားရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။

ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ Power Point ဖြင့်ရှင်းလင်းတင်ပြခွင့်ပြုပါ။ စက်မှုဝန်ကြီးဌာန၊ အမှတ်(၁)သံမဏိစက်ရုံ(မြင်းခြံ)ရဲ့ ဆောင်ရွက်ဆဲလုပ်ငန်းများကို ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးရဲ့ (၁၅)ရက်မြောက်နေ့အစည်းအဝေးမှာ အမျိုးသားစီမံကိန်းဥပဒေကြမ်း ကော်မတီ၏အစီရင်ခံစာနှင့်စပ်လျဥ်းပြီး ပြည်ထောင်စုလွှတ်တော်၏ဆုံးဖြတ်ချက်အရနှင့် ၂၀၁၇ ခုနှစ်၊ ဧပြီလ ၂၀ ရက်နေ့မှာကျင်းပခဲ့တဲ့ စီးပွားရေးရာကော်မတီ၏ (၇/၂၀၁၇)ကြိမ်မြောက်အစည်းအဝေး၏ အစည်းအဝေးဆုံးဖြတ်ချက်အရ လတ်တလောရပ်ဆိုင်းထားခဲ့ရပါတယ်။ ပထမဦးစွာ စီမံကိန်းရဲ့ သမိုင်းအကျဥ်းချုပ်၊ လတ်တလောရပ်ဆိုင်းထားခြင်းမပြုလုပ်မီအချိန်ထိ ထုတ်လုပ်ခဲ့မှု၊ ရောင်းချခဲ့မှုနှင့် ကျန်စီမံကိန်းများကို မည်သည့်အတွက်ကြောင့် ပြီးစီးအောင်ဆက်လက်ဆောင်ရွက်သင့်ကြောင်းကို ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။ မြင်းခြံသံမဏိစက်ရုံရဲ့ ပထမအဆင့်စီမံကိန်းကို နိုင်ငံပိုင်ငွေကြေးများကိုအသုံးပြုပြီး မြန်မာ့စီးပွားရေးကော်ပိုရေးရှင်း(MEC)နဲ့ အီတလီနိုင်ငံမှ Danieli Co.,Ltd တို့မှ ၂၀-၁၁-၂၀၁၄ ရက်နေ့မှာ လွန်ခဲ့သော ၁၄ နှစ်ခန့်က စတင်ဆောင်ရွက်ခဲ့တာ ဖြစ်ပါတယ်။ တရုတ်နိုင်ငံ China Development Bank(CDB)ရဲ့ ချေးငွေကိုရယူပြီး ဒုတိယအဆင့် Phase II နဲ့ Phase-II(A)ကို ၂၀၁၀ ခုနှစ် ဇူလိုင်လနဲ့ တတိယအဆင့် Phase-III ကို ၂၀၁၁ ခုနှစ် ဇွန်လအတွင်းမှာ MEC မှ စာချုပ်များ ဆက်လက်ချုပ်ဆိုဆောင်ရွက်ခဲ့တာ ဖြစ်ပါတယ်။

နိုင်ငံတော်သမ္မတရုံးရဲ့ ၄-၉-၂၀၁၂ ရက်စွဲပါစာနဲ့ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)ရဲ့ ၁၄-၉-၂၀၁၂ ရက်စွဲပါစာများ၏ ညွှန်ကြားချက်များအရ အမှတ်(၁)သံမဏိစက်ရုံ(မြင်းခြံ)ရဲ့ ဆောင်ရွက်ဆဲ စီမံကိန်းလုပ်ငန်းများအားလုံးကို ၁-၁၀-၂၀၁၂ ရက်နေ့မှစ၍ စက်မှုဝန်ကြီးဌာနက အမှတ်(၁) အကြီးစားစက်မှုလုပ်ငန်းမှ ဆက်လက်၍ လွှဲပြောင်းတာဝန်ယူဆောင်ရွက်ခဲ့ရတာ ဖြစ်ပါတယ်။ လက်ရှိအချိန်မှာ စက်ရုံရဲ့ပြီးစီးမှုအခြေအနေများကတော့ သံရည်ကျိုမီးဖိုနှစ်လုံးဖြစ်တဲ့ ပထမအဆင့် Phase-I ရှိ Meltshop-I နှင့် ဒုတိယအဆင့် Phase-II ရှိ Meltshop-II တို့မှာ ရာနှုန်းပြည့်ပြီးစီးနေပြီ ဖြစ်ပါတယ်။ လွှဲပြောင်းရယူခဲ့တဲ့အချိန်မှ လတ်တလောရပ်ဆိုင်းခြင်းမပြုလုပ်မီအချိန်အထိ ခြောက်လက်မပတ်လည် အရှည်ပေ ၄၀ ရှိ သံမဏိလေးထောင့်တုံး(Steel Billet) ၆၀၀၆၉.၂၅ တန်နှင့် ခြောက်လက်မအထူ သုံးပေ သုံးလက်မအကျယ် သံမဏိပြား(Steel Slab)၂၂၇၆.၉၃ တန်ကို ထုတ်လုပ်နိုင်ခဲ့ပါတယ်။ စုစုပေါင်း ၆၂၃၄၆.၁၈ တန်အနက်မှ ၆၀၁၆၁.၄၇ တန်ကို မြန်မာ့စီးပွားရေးကော်ပိုရေးရှင်းသို့ ရောင်းချပေးခဲ့ပြီးဖြစ်ပါတယ်။

စီမံကိန်းအနေနဲ့ ပထမအဆင့်သာ ရာနှုန်းပြည့်ပြီးစီးသေးတဲ့အတွက် တစ်ဝက်တစ်ပျက် ကုန်ချော(Semi-finished Product)ဖြစ်တဲ့ သံမဏိလေးထောင့်တုံးများနဲ့ သံမဏိပြားများကိုသာ ထုတ်လုပ်နိုင်ခဲ့လို့ ကုန်ချောအဆင့်အထိရောက်အောင် တန်ဖိုးမြှင့်ထုတ်လုပ်နိုင်ခြင်း မရှိခဲ့ပါဘူး။ ထိုသို့ တန်ဖိုးမြှင့်ထုတ်လုပ်နိုင်ခြင်းပြုလုပ်နိုင်ပါက သံမဏိလေးထောင့်တုံး တစ်တန်လျှင် အမေရိကန် ဒေါ်လာ ၇၉ နှင့် သံမဏိပြား တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၁၃၉ ခန့်သာ အမြတ်အစွန်းရရှိနိုင် ရာမှ ကုန်ချောအဆင့်ဖြစ်အောင်ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ ကုန်ချောအဆင့်ဖြစ်ခဲ့လျှင် နိုင်ငံတော်

အတွက် တိုက်ရိုက်အကျိုးပြုနိုင်ရန်အတွက် နောက်ဆက်တွဲလုပ်ငန်းများကိုလည်း ဆက်လက်အသုံးပြုရန် လိုပါသေးတယ်။ ကုန်ချောထုတ်လုပ်နိုင်ရန်လိုအပ်နေတဲ့ စက်ကိရိယာများကိုလည်း အပြီးတပ်ဆင်ဖို့လိုပါသေးတယ်။ တစ်ဖန် Billet များကို စက်စွမ်းအားပြည့် တစ်နှစ်လျှင် တန်ချိန်လေးသိန်း ထုတ်လုပ်ပါကလည်း စုစုပေါင်းရရှိမည့်အမြတ်ငွေမှာ ၄၃.၆ မီလီယံ USD ဒေါ်လာသာ ရရှိနိုင်မှာ ဖြစ်ပါတယ်။ China Development Bank သို့ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွက် မဖြစ်မနေပေးဆပ်ရမည့် အရင်းနှင့်အတိုးငွေ ၉၉.၉၁၅ မီလီယံယွမ် (၁၁၇.၈ မီလီယံ USD ဒေါ်လာ) နှင့်တွက်ဆနှုန်းယှဉ်ကြည့်ပါလျှင်ပင် နိုင်ငံတော်မှ ၇၄.၂ မီလီယံ USD ဒေါ်လာ ထပ်မံစိုက်ထုတ်ပေးရမည့်အခြေအနေမျိုး ဖြစ်ပေါ်နေပါတယ်။ ဆိုလိုတာကတော့ ကုန်ချောမဖြစ်သေး၍ တိုက်ရိုက်အသုံးမချနိုင်ခြင်းနှင့်အတူ နိုင်ငံတော်အနေဖြင့် စက်ရုံရပ်တန့်သည်ဖြစ်စေ၊ လည်ပတ်သည်ဖြစ်စေ နှစ်စဉ်အတိုးနှင့်အရင်းအား မလွဲမသွေပေးဆပ်သွားရမှာဖြစ်ပါတယ်။ စနစ်တကျထိန်းချုပ်လည်ပတ်နိုင်မှသာလျှင် ရင်းနှီးမြှုပ်နှံမှုအားလုံးကို အဟောသိကံမဖြစ်စေဘဲ ပြန်လည်၍ဆယ်တင်ကုစားပေးနိုင်မှာဖြစ်ပါတယ်။ ယခုလိုအရှုံးပေါ်နေတဲ့အခြေအနေမျိုးဖြစ်ရခြင်းမှာ စီမံကိန်းအား ခေတ္တရပ်ဆိုင်းထားသည့်အပြင် ချေးငွေရယူသုံးစွဲထားပြီးဖြစ်သော စီမံကိန်းရဲ့ဒုတိယအဆင့်ဖြစ်တဲ့ Phase-II၊ Phase-II(A)နှင့် Phase-III တို့ကို ပြီးစီးအောင်ဆောင်ရွက်နိုင်မှုမရှိခြင်းနှင့် အဆိုပါ လုပ်ငန်းများ ပြီးစီးနိုင်မှုမရှိသေးတဲ့အတွက် ဈေးကွက်ဝယ်လိုအားရှိပြီး အမြတ်အစွန်း(Profit Margin) မြင့်မားတဲ့ ကုန်ချောများကို ထုတ်လုပ်နိုင်မှုမရှိသေးခြင်းတို့ကြောင့်ဖြစ်ကြောင်း အထူးအလေးထား၍ ရှင်းလင်းတင်ပြအပ်ပါတယ်။

စီမံကိန်းလုပ်ငန်းများအဆင့်လိုက် အောင်မြင်စွာပြီးစီးမှုအခြေအနေ၊ ကုန်ချောများထုတ်လုပ်နိုင်ရေး၊ ဘတ်ဂျက်တောင်းခံငွေအလုံအလောက်မရရှိမှုနှင့် လုပ်ငန်းများရပ်ဆိုင်းထားမှုတို့ကြောင့် Danieli Co.,Ltd နှင့် ဒဏ်ကြေးငွေကိစ္စရပ်များရှင်းလင်းနိုင်ရေး၊ စီမံကိန်းပြီးစီးပါက ပြည်တွင်း ပြည်ပ ရင်းနှီးမြှုပ်နှံသူများနှင့် ပူးပေါင်းဆောင်ရွက်စေရေးစတဲ့ လုပ်ငန်းများကို နိုင်ငံတော်အတွက် နစ်နာမှုမရှိစေဘဲ ဆောင်ရွက်နိုင်ရန် လမ်းညွှန်ချက်များနှင့်အညီ ပြည်ပပညာရှင်တစ်ဦးအား Special Concordant အဖြစ် ငှားရမ်းထားရှိပြီး Project Plan, Production Plan နဲ့ Time Plan Schedule များပါဝင်တဲ့ Master Plan ကိုလည်း ရေးဆွဲထားရှိပြီးဖြစ်ပါကြောင်း အသိပေးတင်ပြအပ်ပါတယ်။

ဆက်လက်ဆောင်ရွက်မယ့်အစီအစဉ်များအနေနဲ့ Project Plan များကို ရှင်းလင်းတင်ပြသွားမှာပါ။ ပထမအဆင့်အနေနဲ့ တစ်နှစ်လျှင်တန်ချိန် နှစ်သိန်းထိသံရည်ကျိုနိုင်တဲ့ သံရည်ကျိုစက်ရုံအား စွမ်းအားပြည့်လည်ပတ်နိုင်အောင်ဆောင်ရွက်ခြင်းနဲ့အတူ Commissioning ပြုလုပ်ရန် ကျန်ရှိနေသေးတဲ့ Direct Reduction Plant(DRI) ပြီးစီးအောင်ဆောင်ရွက်ပြီး ထွက်ရှိလာမယ့် Direct Reduction Plant(DRI) များကို စက်ရုံရှိ သံရည်ကျိုအလုပ်ရုံနှစ်ရုံအတွက် ကုန်ကြမ်းအဖြစ် ဖြည့်ဆည်းဆောင်ရွက်ပေးသွားရမှာဖြစ်ပါတယ်။

ဒုတိယအဆင့်အနေနဲ့ ကုန်ချော(Finished Product) များဖြစ်ပြီး ဈေးကွက်လိုအပ်ချက်ရှိသော အမြတ်အစွန်းများစွာရရှိနိုင်တဲ့ သံပြားအရွယ်အစားမျိုးစုံ၊ အရောင်မျိုးစုံနဲ့ ပုံစံမျိုးစုံတို့ဖြစ်တဲ့ Flat

Product များကိုလည်း ထုတ်လုပ်နိုင်တဲ့ Phase-II နှင့် Phase-II(A)တို့ကို ပထမဦးစားပေးအဖြစ် ပြီးစီးအောင်ဆောင်ရွက်သွားရမှာပဲဖြစ်ပါတယ်။ Phase-II ပြီးစီးရန်အတွက် ပြည်တွင်းသုံးငွေ ၅၀.၇၂၆ ဘီလီယံ ကျန်တဲ့နိုင်ငံခြားငွေ ၂၃. ၄၈၄ မီလီယံယူရိုသာလိုအပ်ခြင်း၊ အလုပ်ရုံတစ်ရုံချင်းအလိုက် ခြောက်လမှ ၁၄ လတွင်း လုပ်ငန်းများပြီးစီးနိုင်ခြင်း၊ ထုတ်ကုန်အလိုက် အမြတ်အစွန်းရရှိနိုင်မှုမှာ ကုန်ချောတစ်တန်လျှင် အမေရိကန်ဒေါ်လာ ၁၇၃ မှ ၃၁၉ ဒေါ်လာ၊ ယခင် Phase-I Semi-Finished Product နှင့်စာလျှင် နှစ်ဆခန့်ပိုမိုရရှိခြင်းအခြေအနေတို့ကြောင့် ပထမဦးစားပေးအဖြစ် ဆောင်ရွက်သွားလိုခြင်းဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

ဆက်လက်ပြီး Phase-II(A)ကိုလည်း အလုပ်ရုံတစ်ရုံချင်းစီအလိုက် ၁၅ လမှ ၂၃ လအတွင်း ပြီးစီးအောင် ဆောင်ရွက်သွားနိုင်ပါတယ်။ ရန်ပုံငွေလိုအပ်ချက်မှာ ၁၈.၅၁ ဘီလီယံကျပ်နှင့် ၂.၂၅ မီလီယံယူရိုတို့ဖြစ်ပါတယ်။ အမြတ်အစွန်းအနေနဲ့ ကုန်ချောတစ်တန်လျှင် အမေရိကန်ဒေါ်လာ ၁၉၂ မှ ၃၄၉ ဒေါ်လာ၊ ယခင် Phase-II Semi-Finished Product များထက် နှစ်ဆခွဲခန့်ထိ ပိုမိုရရှိလာနိုင်မှာဖြစ်ပါတယ်။ စီမံကိန်းတတိယအဆင့် Phase-III တွင် ပထမအဆင့်မှထွက်ရှိလာသည့် သံမဏိလေးထောင့်တုံးများကိုလည်းကောင်း၊ ဒုတိယအဆင့်မှထွက်ရှိလာသည့် သံပြားများကိုလည်းကောင်းအသုံးပြု၍ သံချောင်းလုံးများ၊ Channel and Beam အမျိုးမျိုး၊ ဖိအားမြင့်ပိုက်များနှင့် မီးရထားသံလမ်းစတဲ့ Product အမျိုးမျိုးကို ထုတ်လုပ်နိုင်မယ့်အလုပ်ရုံများပါဝင်ပါတယ်။

စီမံကိန်းကာလမှာ အလုပ်ရုံအလိုက် ၁၈ လမှ ၂၄ လအထိ ကြာမြင့်နိုင်ခြင်း၊ ဘတ်ဂျက်လိုအပ်မှုမှာ ၁၅၅.၈၁၂ ဘီလီယံကျပ်နှင့် နိုင်ငံခြားငွေ ၃၇.၃ မီလီယံယူရိုဖြစ်ခြင်းတို့ကြောင့် ဒုတိယဦးစားပေးအဖြစ်ဆောင်ရွက်လိုခြင်းဖြစ်ပါတယ်။ ထုတ်ကုန်တစ်ခုချင်းစီအလိုက် တစ်တန်လျှင် အမြတ်အစွန်း အမေရိကန်ဒေါ်လာ ၁၈၅ မှ ၃၅၄ ဒေါ်လာ၊ ယခင် Phase-I Semi-Finished Product များနှင့်စာလျှင် နှစ်ဆကျော်ခန့်ထိ ပိုမိုရရှိနိုင်မှာဖြစ်ပါတယ်။ Phase-III မှာ Long Product အမျိုးမျိုးကို ထုတ်လုပ်နိုင်မယ့် Multi- Purpose ဖြစ်ပြီး သံချောင်းလုံးများ ထုတ်လုပ်ရန်အတွက်ကိုသာ အဓိကထား၍ ပထမဦးစားပေးရွေးချယ်ထားခဲ့ပါလျှင် တစ်တန်လျှင် အများဆုံးအမေရိကန်ဒေါ်လာ ၁၈၅ ဒေါ်လာ အမြတ်အစွန်းရရှိနိုင်မှာဖြစ်တဲ့အတွက် Phase-III မှာပါဝင်တဲ့ Pipe Mill တစ်ခုလုံးမှာလည်း Phase-II မှ သံပြားများမထွက်ရှိနိုင်သေးတဲ့အတွက် ရပ်တန့်ထားရမှာဖြစ်ပါတယ်။ ထို့အတွက်ကြောင့် ဒုတိယဦးစားပေးအဖြစ်သာ ဆောင်ရွက်သွားရန်လိုအပ်ပါကြောင်း ဖြည့်စွက်ရှင်းလင်းတင်ပြအပ်ပါတယ်။ စီမံကိန်းလုပ်ငန်းများ စနစ်တကျပြန်လည်စတင်နိုင်ရန် ထုတ်လုပ်မှုအစီအမံ(Production Plan)အား ဆက်လက်တင်ပြသွားမှာဖြစ်ပါတယ်။

လုပ်ငန်းများပြန်လည်စတင်ခွင့်ရရှိသည်နှင့်တစ်ပြိုင်နက် ပထမနှစ်အတွင်း Steel Billet တန်ချိန် ၁၅၅၀၀၀၊ Steel Slab တန်ချိန် ၁၅၀၀၀၀ ကို စတင်ထုတ်လုပ်သွားနိုင်မှာဖြစ်ပါတယ်။ ဒုတိယနှစ်မှစ၍ Steel Billet နှင့် Steel Slab များအား ပိုမိုတိုးမြှင့်ထုတ်လုပ်ခြင်း၊ Phase-II, Phase-II(A) နှင့် Phase-III အလုပ်ရုံများ တစ်ရုံချင်းစီအလိုက် ပြီးစီးမှုအပေါ်မူတည်၍ Flat နှင့် Long Product များကို ထုတ်လုပ်ပြီးအမြတ်အစွန်းပိုမိုရရှိအောင် ဆောင်ရွက်ခြင်းတို့ကို Master Plan အတိုင်း သတ်မှတ်ကာလအတွင်း ဆောင်ရွက်သွားရာမှာဖြစ်ပါတယ်။ နောင်နှစ်များတွင် စက်စွမ်းအားဖြင့်

ထုတ်လုပ်ခြင်းများအပြင် စက်စွမ်းအားမြင့်တင်ထုတ်လုပ်ခြင်းများကိုပါ တစ်ပြိုင်နက်တည်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။ Production Plan အတိုင်း ဆောင်ရွက်နိုင်ပါက ချေးငွေအတွက် နှစ်စဉ်အတိုးအရင်းပေးဆပ်နေရသော်လည်း သုံးနှစ်မြောက်ကာလမှစ၍ အမြတ်အစွန်းစတင်ရရှိနိုင်လာမှာဖြစ်ပါတယ်။ ၁၂ နှစ်မြောက်တွင်တော့ အရင်းကြေကာလသို့ ရောက်ရှိလာမည်ဖြစ်ကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။ စီမံကိန်းပြန်လည်ဆောင်ရွက်ခွင့်ရရှိခဲ့ပါက နိုင်ငံတော်အတွက် မည်သို့သောအကျိုးကျေးဇူးများ ရရှိနိုင်ပါမည်နည်းမေးခွန်းနှင့်စပ်လျဉ်းပြီး ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။ နိုင်ငံတော်အတွက် ပထမဦးဆုံးသော ဆောက်လုပ်ရေးလုပ်ငန်းသုံး သံနှင့်သံမဏိပစ္စည်းများအားအရည်အသွေးမီစုစည်းထုတ်လုပ်နိုင်သော စက်ရုံတစ်ရုံ Steel Complex Complete ကိုအောင်မြင်စွာတည်ဆောက်နိုင်ခြင်း ဖြစ်ပါတယ်။ မြန်မာနိုင်ငံ၏ သံနှင့်သံမဏိပစ္စည်းများအားတင်သွင်းမှုဟာ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ စာရင်းများအရ ၂၀၁၅-၂၀၁၆ ခုနှစ်တွင် တန်ချိန် ၁.၆၂၅ သန်း၊ ၂၀၁၆-၂၀၁၇ ခုနှစ်တွင် ၂.၂၉၂ သန်း တင်သွင်းမှုရှိခဲ့ပါသဖြင့် ပြည်တွင်းဈေးကွက်တွင် ထုတ်လုပ်ဖြန့်ဖြူးခြင်းဖြင့် ဈေးကွက်ရရှိနေခြင်း၊ ပြည်တွင်းဈေးကွက်၏လိုအပ်ချက် ဖြည့်ဆည်းပေးနိုင်မည်ဖြစ်သဖြင့် ပြည်ပမှတင်သွင်းမှုလျှော့ချနိုင်မည်ဖြစ်ခြင်း၊ နိုင်ငံတော်အနေဖြင့် နိုင်ငံခြားငွေသုံးစွဲမှုလျော့နည်းသက်သာခြင်းစသည့် အကျိုးကျေးဇူးများရရှိနိုင်မှာ ဖြစ်ပါတယ်။ နိုင်ငံတော်အနေဖြင့် အသိပညာရှင်၊ အတတ်ပညာရှင်များအား လုပ်ငန်းခွင်တာဝန် ပေးအပ်ခြင်းဖြင့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ပေးနိုင်ခြင်း၊ သံနှင့်သံမဏိထုတ်လုပ်သည့်နည်းပညာများလွှဲပြောင်းရယူနိုင်မည်ဖြစ်သဖြင့် ဝန်ထမ်းများ၏လုပ်ငန်းစွမ်းဆောင်ရည် တိုးတက်လာမည်ဖြစ်ခြင်း၊ ဝန်ထမ်းများအနေဖြင့်လုပ်ငန်းခွင်မျှော်လင့်ချက် ရှင်သန်ဖွံ့ဖြိုးလာခြင်းနှင့် ဒေသန္တရနှင့်နိုင်ငံတော်၏စီးပွားရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်လာခြင်းတို့ ဖြစ်ပါတယ်။ အမှတ်(၁)သံမဏိစက်ရုံ (မြင်းခြံ)စီမံကိန်းကို ဆက်လက်ရပ်ဆိုင်းထားမည်ဆိုပါက ဖြစ်ပေါ်လာနိုင်မည့် ဆိုးကျိုးများကိုလည်းတင်ပြသွားမှာဖြစ်ပါတယ်။ စီမံကိန်းအတွက် စက်ရုံသို့ရောက်ရှိပြီးဖြစ်သော စက်နှင့်စက်ပစ္စည်းအစိတ်အပိုင်းများ ပြန်လည်၍လုံးဝအဖတ်ဆည်၍မရနိုင်အောင် ပျက်စီးသွားနိုင်တဲ့အခြေအနေမျိုးကြုံတွေ့နိုင်ရခြင်း၊ ရင်းနှီးမြုပ်နှံခဲ့သောနိုင်ငံခြားငွေ (1.053 Billion Euro)(CDB Loan) နဲ့ မြန်မာကျပ်(၅၅၃.၇၁၆)ဘီလီယံခန့်ရှိသော နိုင်ငံတော်ပိုင်ငွေများမှလည်း ဆုံးရှုံးသွားမည်ဖြစ်ခြင်း၊ အိမ်နီးချင်းအရှေ့တောင်အာရှနိုင်ငံများမှာ Steel လုပ်ငန်းကို အကြီးအကျယ်ရင်းနှီးမြုပ်နှံနေကြချိန်တွင် မိမိတို့နိုင်ငံမှတည်ဆောက်ဆဲ Steel လုပ်ငန်းများအား ပြီးပြတ်အောင် လုပ်ဆောင်နိုင်စွမ်းမရှိသည့်သမိုင်းမှတ်တိုင်တစ်ခုအဖြစ် ကျန်ရှိနေမည်ဖြစ်ခြင်းတို့ ဖြစ်ပါတယ်။ အထူးသဖြင့် ဗီယက်နမ်နိုင်ငံမှာ 400 US (Billion)Steel Complex အား တည်ဆောက်နေပြီဖြစ်ခြင်း၊ Least Develop Countries (LDCs) နိုင်ငံများစာရင်းမှာပါဝင်တဲ့ နိုင်ငံတစ်နိုင်ငံအနေနဲ့ ဆက်စပ်စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မရှိမဖြစ်လိုအပ်သော အမျိုးသားရေးလုပ်ငန်းတစ်ခုအဖြစ် ဆောင်ရွက်သင့်သည့်စီမံကိန်းဖြစ်ခြင်း၊ ဥရောပစံသတ်မှတ်ချက်ဖြင့် သံနှင့်သံမဏိထုတ်ကုန်များ ရေရှည်စီးပွားဖြစ်ထုတ်လုပ်ရေးအတွက် နည်းပညာအကူအညီပေးထားသော Danieli Co., Ltd နဲ့ ဆက်ဆံရေးတွင်လည်း အထစ်အငေါ့များဖြစ်လာနိုင်ခြင်းတို့ ဖြစ်နိုင်ပါတယ်။

ပြည်တွင်း/ပြည်ပဈေးကွက်ရရှိနိုင်မှုနဲ့ ပူးပေါင်းဆောင်ရွက်မှု အလားအလာများကိုလည်း ပြန်လည်သုံးသပ်တင်ပြသွားလိုပါတယ်။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ စာရင်းများအရ မြန်မာနိုင်ငံ၏သံနှင့်သံမဏိပစ္စည်းများ တင်သွင်းမှုဟာ ၂၀၁၅-၂၀၁၆ ခုနှစ်တွင် တန်ချိန် ၁.၆၂၅ သန်း၊ ၂၀၁၆-၂၀၁၇ခုနှစ်မှာ တန်ချိန် ၂.၂၉၂ သန်း တင်သွင်းမှုရှိခဲ့ပါတယ်။ ဒါကြောင့် ပြည်တွင်းဈေးကွက် အခိုင်အမာရှိနေပြီဖြစ်ကြောင်း ရှင်းလင်းတင်ပြလိုပါတယ်။ အမေရိကန်နိုင်ငံအခြေစိုက် BCI ကုမ္ပဏီမှလည်း ထွက်ရှိသမျှ Hot-dip Galvanized Steel sheet များကို ကာလပေါက်ဈေးဖြင့် ထွက်ရှိသမျှအကုန်ဝယ်ယူမည့် Off-take Agreement ချုပ်ဆိုရန်ကို စီစဉ်ကမ်းလှမ်းထားပြီးဖြစ်သဖြင့် ပြည်ပသို့ဈေးကွက်ချဲ့ထွင်ဖို့ပါ ရရှိနိုင်မယ့်အခွင့်အရေးရှိပါတယ်။ လက်ရှိအချိန်အထိ အမှတ်(၁)သံမဏိစက်ရုံကို ပူးပေါင်းဆောင်ရွက်ရန် နိုင်ငံခုနစ်နိုင်ငံမှ ကုမ္ပဏီစုစုပေါင်း ၃၇ ခု သွားရောက်လေ့လာခဲ့ကြပါတယ်။ ကုမ္ပဏီအားလုံးကလည်း သေချာစွာလေ့လာပြီးတဲ့နောက် Global Steel Co., Ltd. နဲ့ Thiha Group of Consortium ကနေပြီးတော့ ပူးပေါင်းဆောင်ရွက်လိုတဲ့ Complete Proposal နှစ်စောင်ကိုရရှိထားပြီး ဖြစ်ပါတယ်။ ပူးပေါင်းဆောင်ရွက်နိုင်မည့် အလားအလာကောင်းများလည်း ရရှိထားပြီးဖြစ်ကြောင်း ဖြည့်စွက်တင်ပြလိုပါတယ်။ နိဂုံးချုပ်အနေနဲ့ တင်ပြလိုတာကတော့ ကျွမ်းကျင်ပညာရှင်ခန့်အပ်မှုအနေနဲ့ Danieli Co., Ltd. တွင် တာဝန်ထမ်းဆောင်ခဲ့သော ခရိုအေးရှားနိုင်ငံသား CEO Mr.Damir Mezulic အား ၁၇-၁-၂၀၁၈ ရက်နေ့မှစ၍ စီမံကိန်းလုပ်ငန်းများအတွက် Special Consulant အဖြစ် ငှားရမ်းအသုံးပြုခဲ့ပါတယ်။ အသုံးချနိုင်မှုနှင့် အကျိုးအမြတ်ရရှိမှုအနေဖြင့် Danieli Co., Ltd. သို့ နောက်ကျငွေပေးချေရခြင်းအတွက် စာချုပ်ပါအတိုးနှုန်းအား ၄.၅ ရာခိုင်နှုန်းမှ ၁.၅ ရာခိုင်နှုန်းသို့ လျှော့ချနိုင်ခဲ့ခြင်း၊ RMB Shortage (Euro 19917720) အား တောင်းခံခြင်းမပြုလုပ်ရန် ညှိနှိုင်းနိုင်ခဲ့ခြင်း၊ အာမခံသက်တမ်းကုန်ဆုံးနေသော စက်ပစ္စည်းများအားလုံးအတွက် New Warranty ပြုလုပ်ရန် တန်ဖိုး ၂.၅ ရာခိုင်နှုန်းအစား တစ်ရာခိုင်နှုန်းသာ လျှော့ချသတ်မှတ်နိုင်ခဲ့ခြင်း၊ Additional Services 10.8 Million Euro အစား 6.3 Million Euro ပေးချေရန် Danieli နှင့်အသေးစိတ်ညှိနှိုင်းဆောင်ရွက်ပြီးစီးခဲ့ခြင်းတို့ဖြစ်ပါတယ်။ သို့ပါ၍ တောင်းခံထားသည့် 147.527 Million Euro အစား 101.5 Million Euro သာ ပေးချေရတော့မှာဖြစ်ပါသဖြင့် နိုင်ငံတော်အနေဖြင့် 46.027 Million Euro လျှော့နည်းသက်သာခဲ့ပါကြောင်း အသိပေးတင်ပြအပ်ပါတယ်။

သို့ဖြစ်ပါ၍ စက်မှုဝန်ကြီးဌာနအနေဖြင့် အမှတ်(၁) သံမဏိစက်ရုံ(မြင်းခြံ)စီမံကိန်းပြီးစီးအောင် ဆောင်ရွက်ရမည့် Master Plan အား ရေးဆွဲထားပြီးဖြစ်သည်နှင့်အညီ စီးပွားဖြစ်ထုတ်လုပ်မည့် လက်တွေ့ကျသော အစီအမံများအား Special Task Force Team ဖွဲ့စည်း၍ ဆက်လက်ဆောင်ရွက်သွားနိုင်မည်ဖြစ်ပါကြောင်းနှင့် နိုင်ငံတော်မှ ပြန်လည်သုံးသပ်နေဆဲကာလဖြစ်ပါ၍ ပကတိအခြေအနေကို မှန်ကန်စွာသုံးသပ်နိုင်ရန်အတွက် ကြိုတင်တင်ပြ။

**ချီဖွေမြို့နယ်တွင် မြို့နယ်စာရင်းစစ်ဦးစီးရုံးတစ်ခု ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့် မေးခွန်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ ချီဖွေမဲဆန္ဒနယ်မှ ဦးဇုံးတိန့် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဇုံးတိန့်(ချီဖွေမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီး အမှူးပြု၍ အားလုံးကို မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကချင်ပြည်နယ်၊ ချီဖွေမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇုံးတိန့် ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးကနေတစ်ဆင့် မေးမြန်းလိုတာကတော့ ချီဖွေမြို့နယ်တွင် မြို့နှစ်မြို့ရှိပြီး ချီဖွေမြို့တွင် ဌာနဆိုင်ရာအဖွဲ့အစည်း(၂၃)ခုနဲ့ ပန်ဝါမြို့တွင် ဌာနဆိုင်ရာ(၁၁)ခုရှိပါတယ်။ အဲဒီမြို့နယ်နှစ်ခုရှိတဲ့အတွက်ကြောင့် နိုင်ငံတော်မှ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးလက်လူမှုဘဝဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် နှစ်စဉ်ပြည်ထောင်စုနှင့် ပြည်နယ်ဘဏ္ဍာရန်ပုံငွေကျပ်သန်း ၂၀၀၀ ကျော်ခန့် ရင်းနှီးမြှုပ်နှံလျက်ရှိပါတယ်။ အဆိုပါဌာနဆိုင်ရာအဖွဲ့အစည်းများရဲ့လုပ်ငန်းများနှင့် နိုင်ငံပိုင်ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများရဲ့ငွေကြေးကိစ္စ ချီဖွေမြို့နယ်မှ ၈၇ မိုင်ဝေးကွာသော မြစ်ကြီးနားမြို့ရှိ ခရိုင်စာရင်းစစ်ရုံးသို့ သွားရောက်အစစ်ဆေးခံနေရပါသဖြင့် အချိန်ကုန်တယ်။ စရိတ်ကုန်တယ်။ လူမှုရေးအခက်အခဲတွေ အမျိုးမျိုးနဲ့ ဌာနဆိုင်ရာတွင် ကြုံတွေ့နေတာ တွေ့ရပါတယ်။ ထို့အပြင် ဆော့လော်မြို့နယ်ရဲ့ဌာနဆိုင်ရာအဖွဲ့အစည်းများနဲ့ နိုင်ငံပိုင်ရင်းနှီးမြှုပ်နှံမှုများကိုလည်း ချီဖွေမြို့နယ် မြန်မာ့စီးပွားရေးဘဏ်ခွဲမှာပဲ ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေရသော်လည်း အလားတူ ချီဖွေမြို့နယ်ကို ကျော်ဖြတ်၍ မြစ်ကြီးနားခရိုင်စာရင်းစစ်ရုံးသို့ သွားရောက်စာရင်းအစစ်ဆေးခံယူလျက် ရှိနေကြပါတယ်။ အကယ်၍များ ချီဖွေမြို့နယ်တွင် မြို့နယ်စာရင်းစစ်ဌာနဦးစီးရုံးတစ်ခု ဖွင့်လှစ်ထားရှိပါက အဆိုပါမြို့နယ်သုံးခုရှိ ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် နိုင်ငံပိုင်ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအား အနီးကပ်ကြပ်မတ်စစ်ဆေးနိုင်သည့်အပြင် သက်ဆိုင်ရာဌာနအသီးသီးတို့ရဲ့တာဝန်ထမ်းဆောင်ချိန်နှင့် သွားလာစရိတ်ကုန်ကျမှုအစရှိသော လူမှုရေးအခက်အခဲမျိုးစုံတို့ကို သက်သာစေမည်ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ချီဖွေမြို့နယ်အတွင်း မြို့နယ်စာရင်းစစ်ဦးစီးဌာနရုံးတစ်ခု ဖွင့်လှစ်ပေးသင့်သောမြို့နယ်တစ်ခုဖြစ်ပါ၍ ချီဖွေမြို့နယ်စာရင်းစစ်ဦးစီးဌာနရုံးတစ်ရုံး ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ/မရှိကို ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးကနေတစ်ဆင့် မေးမြန်းတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးမော်သန်း(ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်များအားလုံး၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးမော်သန်း ဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ချီဖွေမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇုံးတိန့်၏

ကြယ်ပွင့်ပြမေးခွန်းနဲ့ပတ်သက်ပြီးတော့ ရှင်းလင်းဖြေကြားမှာဖြစ်ပါတယ်။ ချီဖွေမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဖုံးတိန့် သည် ချီဖွေ၊ ပန်ဝါနှင့် ဆော့လော်မြို့နယ်များ၏ဌာနဆိုင်ရာအဖွဲ့အစည်းများသည် မြစ်ကြီးနားခရိုင်စာရင်းစစ်ရုံးသို့ သွားရောက်၍ စာရင်းများ စစ်ဆေးခံနေရကြောင်း၊ ထို့အတွက် အချိန်ကုန်၊ စရိတ်ကုန်၊ လူမှုအခက်အခဲအမျိုးမျိုးနဲ့ ကြုံတွေ့နေရပါကြောင်း၊ အကယ်၍ ချီဖွေမြို့နယ်တွင် မြို့နယ်စာရင်းစစ်ရုံးဖွင့်လှစ်ထားရှိပါက သက်ဆိုင်ရာဌာနအသီးသီး၏ အခက်အခဲများ သက်သာစေမည်ဖြစ်ကြောင်း၊ သို့ပါ၍ ချီဖွေမြို့နယ်တွင် မြို့နယ်စာရင်းစစ်ရုံးဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ/မရှိ မေးမြန်းထားပါတယ်။

ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ချီဖွေ၊ ပန်ဝါနှင့် ဆော့လော်မြို့နယ်များရှိ ဌာနဆိုင်ရာအဖွဲ့အစည်းများ၏စာရင်းများကို မြစ်ကြီးနားခရိုင်စာရင်းစစ်ရုံးက လက်ရှိစစ်ဆေးလျက်ရှိပါတယ်။ ချီဖွေမြို့နယ်တွင် မြို့နယ်စာရင်းစစ်ရုံးဖွင့်လှစ်ပေးနိုင်ပါက ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီး၏မေးခွန်းပါအတိုင်း ဌာနဆိုင်ရာအဖွဲ့အစည်းများကို အနီးကပ်ကြပ်မတ်စစ်ဆေးနိုင်ခြင်း၊ သက်ဆိုင်ရာဌာနအသီးသီး၏အခက်အခဲများ သက်သာစေခြင်းစသည့် အားသာချက်များရရှိနိုင်ပါတယ်။ သို့ရာတွင် ဒေသခံမဟုတ်တဲ့ စာရင်းပညာဘွဲ့ရများအား ခန့်ထားတာဝန်ပေးရန်ခက်ခဲခြင်း၊ စာရင်းပညာဘွဲ့မဟုတ်သည့် ဒေသခံဘွဲ့ရများခန့်ထားမည်ဆိုပါက လေ့ကျင့်သင်ကြားမှုများစွာပေးရခြင်း၊ စာရင်းစစ်လုပ်ငန်းများ၏အရည်အသွေးပြည့်ဝစွာဆောင်ရွက်မှုတွင် အခက်အခဲရှိနိုင်ခြင်း စသည့် အားနည်းချက်များလည်းရှိပါတယ်။ သို့ပါ၍ လောလောဆယ်အားဖြင့် ဌာနဆိုင်ရာအဖွဲ့အစည်းများ၏ စာရင်းများကို မြစ်ကြီးနားခရိုင်စာရင်းစစ်ရုံးသို့ လာရောက်စစ်ဆေးခံစေခြင်းအစား မြစ်ကြီးနားခရိုင်စာရင်းစစ်ရုံးမှ ဝန်ထမ်းများက သက်ဆိုင်ရာမြို့နယ်များသို့ သွားရောက်စစ်ဆေးသည့်စနစ်သို့ ပြောင်းလဲကျင့်သုံးသွားမည်ဖြစ်ပါကြောင်း၊ ချီဖွေမြို့နယ် မြို့နယ်စာရင်းစစ်ရုံးဖွင့်လှစ်ရန် အစီအစဉ်မရှိသေးပါကြောင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ခေါင်လန်ဖူးမြို့ရှိ ဌာနဆိုင်ရာရုံးများ၊ ဝန်ထမ်းများအဆင်ပြေစေရန်နှင့် ရုံးပိုင်းဆိုင်ရာလုပ်ငန်းများအား လွယ်ကူလျင်မြန်စေရန် ပူတာအိုမှ စာရင်းစစ်ဝန်ထမ်းများအား ခေါင်လန်ဖူးမြို့သို့စေလွှတ်ပြီး ဌာနဆိုင်ရာရုံးများကို စာရင်းစစ်ဆေးပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ ခေါင်လန်ဖူးမဲဆန္ဒနယ်မှ ဦးအာမိုးဆီ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးအာမိုးဆီ(ခေါင်လန်ဖူးမဲဆန္ဒနယ်)**။ ။ အားလုံး မင်္ဂလာပါ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကချင်ပြည်နယ်၊ ခေါင်လန်ဖူးမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအာမိုးဆီ ဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့် ပူတာအိုခရိုင်၊ စာရင်းစစ်ရုံးမှဝန်ထမ်းများ ခေါင်လန်ဖူးမြို့သို့သွားရောက်ပြီး ဌာနဆိုင်ရာရုံးများ အဆင်ပြေစေရန်အတွက် စာရင်းစစ်ဆေးပေးရန် အစီအစဉ်ရှိ/မရှိနှင့် ပတ်သက်ပြီး မေးမြန်းသွားမှာဖြစ်ပါတယ်။ ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ခေါင်လန်ဖူးမြို့နယ်သည် ပူတာအိုခရိုင်အတွင်းရှိမြို့နယ်များအနက် အဝေးဆုံးနှင့်အခက်ခဲဆုံး မြို့နယ်တွင်ပါဝင်ပါတယ်။ ပူတာအိုမြို့မှ မိုင်ပေါင်း ၁၃၀ ကျော်ကွာဝေးပြီး ဌာနဆိုင်ရာရုံး ၁၉ ရုံးရှိပါတယ်။ အဆိုပါ ဌာနဆိုင်ရာရုံး ၁၉ ရုံးမှ

မူကြမ်း

ဝန်ထမ်းများသည် လုပ်ငန်းခေါင်းစဉ်အလိုက်၊ ဘတ်ဂျက်နှစ်အလိုက် စာရင်းစစ်ဆေးခံရန်အတွက် ပူတာအိုခရိုင်ရုံးသို့ သွားရောက်ရပါတယ်။ အဲဒီလိုသွားရောက်တဲ့အချိန် အထမ်းခ ခရီးစရိတ်မရရှိဘဲ အမှုတွဲတွေ၊ စာရွက်စာတမ်းတွေကို ကိုယ်တိုင်ထမ်းကာ နေပူ မိုးရွာမရှောင် တော၊ တောင်ကို ခက်ခက်ခဲခဲ ကျော်ဖြတ်ကာ သတ်မှတ်ချိန်အမီ သွားရပါတယ်။ စာရင်းစစ်ဆေးတဲ့အခံတွေ၊ အမှုတွဲတွေ၊ စာရင်းဇယားများ ပူတာအိုစာရင်းစစ်ရုံးသို့ ထားရှိခဲ့ရသည့်အတွက် အခက်အခဲများစွာရှိကြောင်း တွေ့ရှိရပါတယ်။ ပူတာအိုစာရင်းစစ်ရုံးသို့ရောက်ရှိပြီး စာရင်းစစ်ဆေးခံရာတွင်လည်း အချို့သော ဝန်ထမ်းများသည် ခေါင်လန်ဖူးမြို့ရှိ တချို့ဌာနနှင့် အချို့လုပ်ငန်းများတွင် မိမိလုပ်ပိုင်ခွင့်ထက် ပိုမိုလုပ်ဆောင်ခြင်း၊ သက်သေစာရွက်အထောက်အထားများကို အမျိုးမျိုးတောင်းခံခြင်းပြုသည့်အတွက် အချိန်နှင့်ငွေကုန်ကြေးကျ များပြားစွာအသုံးပြုနေရသည်ကို တွေ့ရှိရပါသည်။ ပူတာအိုခရိုင်စာရင်းစစ်ရုံးတွင် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများအနေဖြင့် အမျိုးသား ၆ ဦး၊ အမျိုးသမီး ၁၂ ဦးရှိသည်ကို တွေ့ရှိရပါတယ်။ စာရင်းစစ်ဝန်ထမ်းများသည် နောင်မွန်မြို့နှင့် ကျန်မြို့နယ်များသို့ သွားရောက်စာရင်းစစ်ဆေးပေးနေသော်လည်း ကျွန်တော်တို့ခေါင်လန်ဖူးမြို့နယ်သို့ သွားရောက်ပြီး စာရင်းစစ်ဆေးပေးနိုင်ခြင်းမရှိသည့်အတွက် ဌာနဆိုင်ရာဝန်ထမ်းများ အခက်အခဲကြုံတွေ့နေရပါတယ်။ ခေါင်လန်ဖူးမှ ဌာနဆိုင်ရာရုံး ၁၉ ရုံးမှ ဝန်ထမ်းများ စာရင်းစစ်ဆေးခံရန် ပူတာအိုသို့ သွားရောက်သည့်စရိတ် သွားလာနေထိုင်စားသောက်စရိတ် များစွာကုန်ကျသည့်အတွက် နိုင်ငံတော်ဘဏ္ဍာငွေများ များစွာဆုံးရှုံးနေသည်ကို တွေ့ရှိရပါတယ်။ ခေါင်လန်ဖူးရှိ ဌာနဆိုင်ရာ ၁၉ ရုံးမှ စာရင်းစစ်ဆေးခံရန်အတွက် ပူတာအိုကို သွားလာရသည့်စရိတ်ထက် ပူတာအိုခရိုင်စာရင်းစစ်ရုံးမှ ဝန်ထမ်းများ ခေါင်လန်ဖူးမြို့သို့ သွားရောက်သည့်စရိတ်က များစွာသက်သာသည်ကို တွေ့ရှိရပါတယ်။ အချို့သောဌာနဆိုင်ရာများသည် လမ်းပန်းဆက်သွယ်ရေးအခက်အခဲများကြောင့် အချိန်မီမရောက်ရှိနိုင်ဘဲ ကြန့်ကြာမှုရှိသည်ကို တွေ့ရှိရပါတယ်။ သို့ဖြစ်ပါ၍ ခေါင်လန်ဖူးမြို့ရှိ ဌာနဆိုင်ရာရုံး ၁၉ ရုံးမှ ဝန်ထမ်းများ အချိန်ကုန်သက်သာပြီး လုပ်ငန်းများ မြန်ဆန်ထိရောက်အောင် ဆောင်ရွက်နိုင်ရန်အတွက် ပူတာအိုခရိုင်စာရင်းစစ်ရုံးမှ ဝန်ထမ်းများအား ခေါင်လန်ဖူးမြို့သို့သွားရောက်ပြီး စာရင်းစစ်ဆေးပေးနိုင်ခြင်းရှိ/မရှိ ဌာနဆိုင်ရာဝန်ထမ်းများကိုယ်စား ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းရပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးက ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးမော်သန်း(ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်များ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်ဂါရဝပြုအပ်ပါတယ်။ ယခု ခေါင်လန်ဖူးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအာမိုးဆီရဲ့မေးခွန်းကို ဖြေကြားရန်ဖြစ်ပါတယ်။ ဦးအာမိုးဆီက ခေါင်လန်ဖူးမြို့တွင်ရှိသော ဌာနဆိုင်ရာရုံးများအနက် ဝန်ထမ်းများအဆင်ပြေစေရန်အတွက် ရုံးပိုင်းဆိုင်ရာလုပ်ငန်းများ လွယ်ကူလျင်မြန်စေရန် ပူတာအိုမှ စာရင်းစစ်ဝန်ထမ်းများအား ခေါင်လန်ဖူးမြို့သို့စေလွှတ်၍ ဌာနဆိုင်ရာစာရင်းများကို စာရင်းစစ်ဆေးပေးရန် အစီအစဉ်ရှိ/မရှိ

မေးမြန်းထားပါတယ်။ ခေါင်လန်ဖူးမြို့သည် ပူတာအိုမြို့မှ ၁၃၂ မိုင်ခန့်ဝေးပြီး မိုးရာသီကုန်ဆုံးချိန်မှာ ဆိုရင် ပူတာအိုမှ နောင်မွန်းမြို့သို့ မော်တော်ယာဉ်ဖြင့်သွားနိုင်ပြီး နောင်မွန်းမြို့မှ ခေါင်လန်ဖူးမြို့သို့ ခြေလျှင်ခရီးဖြင့် ၈ ရက်ခန့် သွားရောက်ရပါတယ်။ ပူတာအိုခရိုင်စာရင်းစစ်ရုံးဝန်ထမ်းများ ခေါင်လန်ဖူး မြို့သို့ သွားရောက်စစ်ဆေးရန်အတွက် ကျန်းမာရေးကောင်းမွန်တဲ့ အမျိုးသားဝန်ထမ်းများ လိုအပ်ပါ တယ်။ ပူတာအိုခရိုင်စာရင်းစစ်ရုံးတွင် ခန့်ထားပြီး စစ်ဆေးရေးဝန်ထမ်း ၁၆ ဦးရှိပါတယ်။ စစ်ဆေးရေး ဝန်ထမ်း ၁၆ ဦးမှာ လက်ထောက်ညွှန်ကြားရေးမှူး တစ်ဦး၊ စာရင်းစစ်(၁) လေးဦးနဲ့ စာရင်းစစ်(၃) ခြောက်ဦးတို့မှာ အမျိုးသမီးဝန်ထမ်းများ ဖြစ်ကြပါတယ်။ စာရင်းစစ်(၃)ငါးဦးသာ အမျိုးသားဝန်ထမ်း များဖြစ်ကြပါတယ်။ သာမန်အားဖြင့် စစ်ဆေးရေးအဖွဲ့တစ်ခု၏ ဖွဲ့စည်းပုံကတော့ စာရင်းစစ်(၁)က အဖွဲ့ခေါင်းဆောင်၊ စာရင်းစစ်(၃) နှစ်ဦးက အဖွဲ့ဝင်အဖြစ် ပါဝင်ရပါတယ်။ လက်ရှိအခြေအနေမှာ ပူတာအိုခရိုင်စာရင်းစစ်ရုံး၌ အဖွဲ့ခေါင်းဆောင်အဖြစ် တာဝန်ပေးအပ်မယ့် စာရင်းစစ်(၁)ဝန်ထမ်းများတွင် အမျိုးသားဝန်ထမ်း မရှိသေးပါဘူး။ သို့ပါ၍ အမျိုးသမီးဝန်ထမ်းအများစုနဲ့ ဖွဲ့စည်းထားတဲ့ရုံးဖြစ်ပါသဖြင့် လမ်းပန်းဆက်သွယ်ရေးအဆင်ပြေမှု၊ ရာသီဥတုအခြေအနေနှင့် အမျိုးသား/အမျိုးသမီးဝန်ထမ်း ဖွဲ့စည်းမှုအပေါ် မူတည်ပြီး နှစ်နှစ်တစ်ကြိမ် သို့မဟုတ် ရံဖန်ရံခါသာ စေလွှတ်ပေးနိုင်မည်ဖြစ်ကြောင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ မေးခွန်းများဖြေကြားပေးခဲ့သော ပြည်ထောင်စုစာရင်းစစ်ချုပ် ပြန်လည် ထွက်ခွာနိုင်ပါပြီ။

**ချမ်းအေးသာစံမြို့နယ်အတွင်းရှိ(၂၇)လမ်းအား (၇၈)လမ်းဘက်မှ မန္တလေးဘူတာ ပါဆယ်(၂)ယာဒ်ဝင်း ကိုဖြတ်၍(၇၉)လမ်းသို့ သွယ်တန်းချိတ်ဆက် ဖောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ ချမ်းအေးသာစံမဲဆန္ဒနယ်မှ ဦးမျိုးနိုင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးမျိုးနိုင်(ချမ်းအေးသာစံမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော် ဒုတိယ ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များ အားလုံးကို မင်္ဂလာပါလို့ ဦးစွာဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မန္တလေး တိုင်းဒေသကြီး၊ ချမ်းအေးသာစံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးနိုင် ဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့် ချမ်းအေးသာစံမြို့နယ်အတွင်းရှိ (၂၇)လမ်းအား (၇၈)လမ်းဘက်မှ မန္တလေးဘူတာ ပါဆယ်(၂)ယာဒ်ဝင်းကိုဖြတ်၍ (၇၉)လမ်းသို့ သွယ်တန်းချိတ်ဆက်ဖောက်လုပ်ပေးရန် အစီအစဉ်ရှိ/ မရှိ ကြယ်ပွင့်ပြမေးခွန်းကို မေးမြန်းသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော လွှတ်တော်ဒုတိယဥက္ကဋ္ဌ ကြီးခင်ဗျား။ မန္တလေးမြို့မှာ လူဦးရေပေါင်း ၁၃၀၉၄၁၈ ဦးရှိပါတယ်။ ဒါ့အပြင် မန္တလေးမြို့ပေါ်မှ မော်တော်ယာဉ်ပေါင်း ၂၂၈၄၅၇ စီးနဲ့ ဆိုင်ကယ်ယာဉ်ပေါင်း ၁၁၆၂၄၁၃ စီး၊ သုံးဘီးယာဉ်ပေါင်း ၂၇၇၇၇ စီး ထော်လာဂျီ ယာဉ်ပေါင်း ၂၁၃၀၈ စီးရှိပါတယ်။ အားလုံးကိုပေါင်းလိုက်မယ်ဆိုရင် ယာဉ်စီးရေပေါင်းက ၁၄၃၉၉၃၀ စီးသွားလာမောင်းနှင်နေပါတယ်။ မီးရထားလမ်းနဲ့မန္တလေးဘူတာကြီး ဟာ မြို့လယ်မှာကန့်လန့်ဖြတ်တည်ရှိနေတဲ့အတွက် ၄၂လမ်းနဲ့ ၃၅လမ်းတွေဟာ ကုန်းကျော်တံတား ဖောက်လုပ်ပြီးတော့ လမ်းပိတ်ဆို့မှုကို ဖြေရှင်းခဲ့ပါတယ်။ မြို့ရဲ့တောင်ဘက်ခြမ်းမှာရှိတဲ့ အရှေ့နောက်

လမ်းများဖြစ်တဲ့ ၄၂ လမ်းကနေ ၃၅ လမ်းအတွင်းမှာရှိတဲ့ လမ်းတွေဟာရထားဖြတ်သန်းချိန်မှာ ဒီဂျစ်တယ် တံခါး အဖွင့်အပိတ်လုပ်ပြီး အရှေ့အနောက်ဖြတ်သန်းသွားလာခွင့်ရပေမဲ့လည်း ဘူတာမြောက်ဘက် ခြမ်းမှာတော့ ကျုံးမြို့ရိုးကြီးကာဆီးတဲ့အတွက် တစ်ခုတည်းသောသွားလာနိုင်တဲ့လမ်းအဖြစ် ဗိုလ်ချုပ်အောင်ဆန်းလမ်းလို့တွင်တဲ့ ၂၆(B)လမ်းတစ်လမ်းသာရှိပါတယ်။

လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီး ခင်ဗျား။ Power Point အသုံးပြုခွင့်ပေးရန် လေးစားစွာ တောင်းခံအပ်ပါတယ်။ အဲ့ဒါဟာ ၂၆(B)လမ်းနဲ့လမ်း၈၀ကြား ယာဉ်ကြောပိတ်ဆို့မှုဖြစ်ပါတယ်။ ၂၇ လမ်းအောက်မှာ ဆိုင်ကယ်များ၊ ကားများဖြတ်နေတဲ့ပုံဖြစ်ပါတယ်။ ဒါ ၂၆(B)လမ်းကနေ ၇၈ လမ်း သွားနေတဲ့ ယာဉ်ကြောပိတ်ဆို့မှုပုံဖြစ်ပါတယ်။ ဒါ ၇၈ လမ်းကနေ ၂၇ လမ်းကြား ယာဉ်ကြော ပိတ်ဆို့နေတဲ့ပုံဖြစ်ပါတယ်။ ဒါ ၃၅ လမ်းကုန်းကျော်မှာ ယာဉ်များဖြတ်သန်းနေပုံဖြစ်ပါတယ်။ အမှန်မှာ ကုန်းကျော်တံတားတွေပေါ်မှာ စက်ဘီးတွေ၊ ဆိုင်ကယ်တွေ၊ သုံးဘီးတွေ ဖြတ်သန်းခွင့်မရှိပါဘူး။ ဒါပေမဲ့ ယခုလိုယာဉ်ကြောပိတ်ဆို့တာများတဲ့အတွက် ဆိုင်ကယ်တွေဖြတ်သန်းသွားလာခြင်း ဖြစ်ပါ တယ်။ လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ၂၇ လမ်းတစ်ခုတည်း စက်ဘီး၊ ဆိုင်ကယ်၊ သုံးဘီး၊ ထော်လာဂျီ၊ ကားတွေ ဖြတ်သန်းခွင့်ရတဲ့အတွက် နေ့စဉ်လိုလို ယာဉ်ကြောပိတ်ဆို့မှုတွေ ဖြစ်နေပါတယ်။ အဲဒီလိုဖြစ်နေတဲ့အခက်အခဲကို ပြေလည်ဖို့အတွက် မန္တလေးစည်ပင်သာယာရေးကော် မတီနဲ့ မန္တလေးမီးရထားဌာနတို့ပူးပေါင်းပြီး ၇၈ လမ်းကနေ ၇၉ လမ်းအထိ ၂၇ လမ်းသစ်ကို တောက်လျှောက်သွယ်တန်းဖောက်လုပ်ဖို့ ညှိနှိုင်းဆောင်ရွက်နေတဲ့သတင်းဟာ မန္တလေးမြို့သူ မြို့သား အတွက် ဝမ်းသာစရာသတင်းကောင်းဖြစ်ပါတယ်။ သို့ပါသော်လည်း ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီး ဌာနဘက်မှ အသစ်သွယ်တန်းဖောက်လုပ်မယ့် ၂၇ လမ်းကို Road အဖြစ် ဖောက်လုပ်ခွင့်မပြုပဲ ကုန်းကျော်တံတား R.O.B အဖြစ်နဲ့သာ ခွင့်ပြုမယ်ဆိုတဲ့သတင်းကြောင့် စိတ်မသက်သာဖြစ်ရပါတယ်။ R.O.B ဖောက်ပါက စက်ဘီး၊ ဆိုင်ကယ်၊ သုံးဘီး၊ ထော်လာဂျီယာဉ်တွေဟာ ဖြတ်သန်းခွင့်မရှိတဲ့အတွက် ၂၆(ဘီ)လမ်းမှာ လမ်းပိတ်ဆို့မှုဟာ ယခုထက်ပိုမိုဆိုးရွားလာတာဖြစ်ပါတယ်။ R.O.B နဲ့ အသုံးပြုမယ်ဆိုပါက ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးဌာနဘက်ကရော၊ မန္တလေးစည်ပင်သာယာရေး ကော်မတီဘက်ကရော၊ ဘဏ္ဍာငွေ အကုန်အကျများမှာဖြစ်သလို ၂၆(ဘီ)လမ်းနှင့်ကပ်နေတဲ့ ခုံးကျော် တံတားဖောက်ပါကလည်း ပြည်သူအများရဲ့ကဲ့ရဲ့ပစ်တင်မှုကို ခံရမှာဖြစ်ပါတယ်။ ဒို့အပြင် ပြီးခဲ့တဲ့အစိုးရလက်ထက်ကတည်းက ၂၇ လမ်းနှင့်ကပ်လျက်ရှိတဲ့ ၂၈ လမ်းကို ကုန်းကျော်တံတား အဖြစ်ဖောက်လုပ်ရန် စီမံချက်ချထား ကြောင်း သိရှိရပါတယ်။

လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအနေဖြင့် မီးရထားလမ်းတွေဟာ ရှန်တိန်ပြုလုပ်ပါက ၂၇ လမ်းနှင့် မလွတ်ကင်းတာကြောင့် ယာဉ်အန္တရာယ် ထိခိုက်မှာ စိုးရိမ်တယ်လို့ဆိုပါတယ်။ ဒီနေရာမှာတင်ပြလိုတာက မန္တလေးဘူတာကြီးက မီးရထား ၁၇ စီးသာ နေ့စဉ်အဝင်/အထွက်ပြုလုပ်နေပါတယ်။ အဲဒီထဲက တွဲဆိုင်း(၁၂)တွဲ ရထားများ ရှန်တိန်လုပ်ပါ က ၂၇ လမ်းထိမရောက်ဘဲ (၁၂)တွဲအထက်ပြုလုပ်ပါက ၂၇ လမ်းအထိရောက်မှာဖြစ်ပါတယ်။ ဒီအချက်ကို ရှန်တိန်လုပ်ချိန်ကို ဂိတ်တံခါးပိတ်ထားပြီး မူလလမ်းဟောင်းအတိုင်း သွားလာအသုံးပြုမှာ ဖြစ်ပါတယ်။ ဒို့အပြင် ၆၅ ပေရှိတဲ့ ၂၇ လမ်းကို မီးရထားပါဆယ် (၂)ယာဒ်ဝင်းကို ဖြတ်ဖောက်ပါက

ဝန်းအတွင်းရှိတဲ့အဆောက်အအုံအချို့ ဖြတ်သိမ်းရမှာဖြစ်ပါတယ်။ ဒါကိုလည်း ဆောက်လုပ်ရေး ကုမ္ပဏီ၊ မီးရထားဌာနနှင့် စည်ပင်သာယာတို့က ညှိနှိုင်းထားရှိပြီး ပြေလည်လုနီးပါးရရှိနေပါတယ်။ ဒါပေမဲ့ အများသူငှာအသုံးပြုခွင့်ရတဲ့လမ်းတစ်လမ်းဖြစ်လာအောင်၊ ယာဉ်အန္တရာယ်ကင်းရှင်းလာအောင်လုပ်ဆောင်ရာမှာ တစ်ဦးတစ်ယောက်က ကန့်ကွက်နေပါကလည်း ပြည်သူ့အစိုးရပီပီ ညှိနှိုင်းဆောင်ရွက်ခြင်းဖြင့် နှစ်ဦးနှစ်ဖက်ပြေလည်မှုရရှိအောင် လုပ်ဆောင်ရမှာဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ မန္တလေးမြို့ကြီး ယာဉ်အန္တရာယ်ကင်းရှင်းစေရေး၊ ယာဉ်ကြောပိတ်ဆို့မှုပြေလည်စေရေးတို့အတွက် အကုန်အကျသက်သက်သာသာနှင့် ဖောက်လုပ်မယ့် ၂၇ လမ်းသစ်ကို ၇၈ လမ်းမှ ၇၉ လမ်းထိ မီးရထား ပါဆယ်(၂)ယာဒ်ဝင်းမှ ဖြတ်သန်းဖောက်လုပ်ခွင့်ပြုပါရန် မန္တလေးမြို့သူမြို့သားများကိုယ်စား လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးခွန်းမေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးသန့်စင်မောင်(ပြည်ထောင်စုဝန်ကြီး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဖွဲ့ဝင်များခင်ဗျား။ ကျွန်တော့်အနေနဲ့ ကြွရောက်လာသူအားလုံး ကိုယ်စိတ်နှစ်ပါး ကျန်းမာရွှင်လန်းစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်အနေနဲ့ အခုနတုန်းက မေးခွန်းမေးမြန်းသွားသော မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာစံမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးနိုင်ရဲ့ ကြယ်ပွင့်ပြမေးခွန်းကို ဖြေကြားသွားမှာဖြစ်ပါတယ်။ ကျွန်တော့်အား Power Point သုံးစွဲခွင့်ပြုဖို့ မေတ္တာရပ်ခံအပ်ပါတယ်။ ဒါကတော့ အခုနတုန်းက အပေါ်စီးကမြင်ရတဲ့ မန္တလေးမြို့ရဲ့ပုံဖြစ်ပါတယ်။ အခုနတုန်းက ဒီအစိမ်းရောင်လိုင်းကတော့ (၃၅) လမ်းမှာ ခုံးကျော်ရှိပါတယ်။ ဒီအစိမ်းလေးနှစ်ခုကတော့ မန္တလေးဘူတာကြီးရဲ့ အပေါ်ကနေပြီးတော့ ဖြတ်သန်းသွားနိုင်တဲ့ လမ်း(၃၀)မှာရှိတဲ့ အသွားလမ်း၊ အပြန်လမ်းရှိသော ခုံးကျော်ဖြစ်ပါတယ်။ အခု ဒီအဝါရောင်နှစ်ခုကတော့ အခုနတုန်းက ကိုယ်စားလှယ်ကြီး ဦးမျိုးနိုင် တင်ပြသွားသော အရင်တုန်းက လွန်ခဲ့တဲ့သုံးနှစ်လောက်က စဉ်းစားခဲ့သော အဝါရောင်ခုံးကျော်ဖြစ်ပါတယ်။ ဒါ (၂၈) လမ်းနဲ့ (၃၂) လမ်းမှာ ဆောက်မယ်ဆိုပြီးတော့ စဉ်းစားထားတဲ့ဟာဖြစ်ပါတယ်။ ဒါက ဖြတ်သန်းသွားချင်တဲ့နေရာဖြစ်ပါတယ်။ အဲဒီမှာ အခုနတုန်းက သူတင်ပြသွားတဲ့အတိုင်းပဲ ပါဆယ်ရုံကို ဖျက်ရမှာဖြစ်ပါတယ်။ နောက် ဝန်ထမ်းအိမ်ရာနဲ့ တချို့ရုံးလေးတွေ လေးခုဖျက်ရမှာဖြစ်ပါတယ်။ လက်ရှိ အစိမ်းရောင်လမ်းဟာ ဖြတ်သန်းနေတဲ့လမ်းဖြစ်ပါတယ်။ ၂၅ ပေကျယ်ပါတယ်။ အဲဒါလည်းပဲ ကျွန်တော်တို့ရဲ့ ရထားမြေမှာ ဆောက်ရွက်ပေးထားတဲ့ဟာ ၁၉၉၅ ခုနှစ်အထိ မရှိပါဘူး။ ဒါ နောက်ပိုင်းမှာ လုပ်ပေးထားတဲ့လမ်းပါ။ အခုနတုန်းက တင်ပြထားတဲ့ အတိုင်းပဲ ကားအစီးပေါင်း ၁၀၀၀ ကျော်လောက် နေ့စဉ်ဖြတ်ပါတယ်။ အစင်းရေ ၁၉၀၀၀ ရှိသော မော်တော်ဆိုင်ကယ်တွေ ဖြတ်ပါတယ်။ အဲဒီမှာ အခု အစိမ်းရောင်အောက်ကနေပြီးတော့ (၇၈) လမ်းဘက်ကနေအပေါ် (၇၉) လမ်းဘက်ကို သွားဖို့ရာကို တည့်တည့်ဖြတ်ချင်တာပါ။ တည့်တည့်ဖြတ်

တဲ့အခါမှာ ရထားလမ်းသုံးလမ်းကို ဖြတ်သန်းသွားမှာဖြစ်ပါတယ်။ ရထားလမ်းသုံးလမ်းကိုဖြတ်သန်းသွားတဲ့အခါကျတော့ အခုနတုန်းကပြောတဲ့ ဒီရထားလမ်းဟာ အဝင် ၁၆ စင်း၊ အထွက် ၁၆ စင်းပဲရှိပါတယ်။ အခုနတုန်းက ပါဆယ်ရထားရှိပါတယ်။ အဲဒီမှာ ကျန်သွားတာက လူစီးရထားတွေကို စက်ခေါင်းလာတယ်။ စက်ခေါင်းလာတော့ စက်ခေါင်းက အဝင်ရထားအတွက် စက်ခေါင်းပတ်ပြီးတော့ စက်ခေါင်းစက်ရုံကိုပြန်ရတယ်။ ပြန်ရတဲ့အခါမှာ လမ်းအားလပ်မှုအပေါ်မှာမူတည်ပြီးတော့ အဲဒီလမ်းကိုဖြတ်သန်းခြင်း/မဖြတ်သန်းခြင်းရှိပါတယ်။ အထွက်ရထားတွေအတွက် Shanty လုပ်ရပါတယ်။ Shanty လုပ်တဲ့အခါမှာလည်း တွဲဆိုင်းရှည်ခဲ့ရင် ကြာပါတယ်။ တစ်ခါ တွဲပျက်တဲ့ဟာ တွဲစစ်လိုင်းကို ပို့ရပါတယ်။ ပို့တဲ့အခါမှာ တွဲဆိုင်းအရှည်ကြီး ဖြတ်ရပါတယ်။ အဲဒါ အားလုံးပေါင်း ပျမ်းမျှတွက်လိုက်တာ ၇၇ ကြိမ်ရှိပါတယ်။ အဲဒီတော့ တစ်ကြိမ် သည် တစ်မိနစ်လည်းကြာနိုင်တယ်။ သုံးမိနစ်အထိ အများဆုံးကြာနိုင်ပါတယ်။ ၇၇ ကြိမ်သည် သုံးမိနစ် ဆိုခဲ့ရင် အများဆုံးသုံးနာရီခွဲအထိ ပိတ်ဆို့တဲ့ စုစုပေါင်းအကြိမ် ဖြစ်ပါတယ်။ အဲဒီအခါမှာ ဥပမာ - တစ်မိနစ်ရပ်မယ်။ နှစ်မိနစ်ရပ်မယ်ဆိုရင်တောင်မှ အခုနတုန်းကလို Level ဖြတ်တဲ့ကားတွေဟာ ကားလမ်းပိတ်ထားတာကို သီးခံနိုင်ကြတာမဟုတ်ပါဘူး။ အဲဒီအခါကျတော့ အတင်းကျော်ခွသွားမယ်။ တံတားတွေ၊ ဝါးလုံးတန်းတန်းထားရင် တန်းအောက်ကနေ ကျော်သွားမယ်။ အဲဒီလို Accident ပေါင်းဟာ ၂၀၁၇-၂၀၁၈ ဒီနှစ်အတွင်းမှာ တစ်ပြည်လုံးမှာ Level Crossing Accident ပေါင်း ၈၄ ကြိမ်ရှိပါတယ်။ ကျွန်တော်တို့ဟာ မော်တော်ကားလမ်းတွေကို Net Drive တွေကို ကောင်းအောင်လုပ်ကြတယ်။ ချဲ့ကြတယ်။ ကျေးရွာချင်းဆက်တွေ၊ မြို့နယ်ချင်းဆက်တွေ လုပ်ကြတဲ့အခါမှာ ရထားလမ်းကို ဂရုမစိုက်ပါဘူး။ မထီမဲ့မြင်ပြုပါတယ်။ ဂရုမစိုက်ဘဲနဲ့ ကျော်ချင်တဲ့နေရာ ကျော်ပါတယ်။ အဲဒါကို တရားမဝင်ကားလမ်းကူးလို့ ခေါ်ပါတယ်။ ကျွန်တော်တို့က တရားဝင်ရင် ကျွန်တော်တို့ကလုပ်ပေးတယ်။ ဂိတ်စောင့်ရှိတာရှိတယ်။ မရှိတာရှိတယ်။ အဲဒီမှာ အခုဟာက အဲဒီလိုဟာမျိုးတွေ ဖြစ်တဲ့အတွက် ကြောင့် တရားမဝင်သောကားလမ်းကူးများ မြေအညီကို Level ဖြတ်သော ကျွန်တော်တို့အခေါ်တော့ အင်္ဂလိပ်လို Level Crossing လို့ခေါ်ပါတယ်။ အဲဒီ Level Crossing များကို ဖျက်သိမ်းရေးအတွက် ဆောင်ရွက်ခွင့်ပြုပါဆိုပြီးတော့ သမ္မတရုံးကနေပြီးတော့ ဆောင်ရွက်ခွင့်ပေးထားပါတယ်။ အဲဒီလိုအချိန် မှာ ဒါကြီးကို ကျွန်တော်တို့ ဖျက်မလား။ လမ်းကလည်း ဒီဘက်က ၂၆ လမ်း၊ ဒီဘက်က ၂၇ လမ်း။ ထိုအခါမှာ အဲဒီ ၂၇ လမ်းကို ဖျက်လိုက်တဲ့အခါကျတော့ ဟိုဘက်က ၂၆ လမ်းမှာ အခုနတုန်းက ပြောသလို ကားတန်းကြီးများ၊ ယာဉ်တန်းကြီးများ မီးပွိုင့်မှာ ပိတ်နေခဲ့ရင် ပိုပြီးတော့ဆိုးသွားနိုင်ပါတယ်။ ကျွန်တော့်ကို ပိုပြီးတော့ပြည့်စုံချင်တာ အချိန်နည်းနည်းလေး ပိုပြောခွင့်ပြုပါ။ ဒါကြောင့် ကျွန်တော်တို့ဟာ ဖြတ်သန်းခွင့် Level Crossing မပေးနိုင်ပါဘူး။ အခုနက ပြောသလို ၂၈ လမ်းမှာ ခုံးကျော်လုပ်မယ်ဆိုရင် ကျွန်တော်တို့ထောက်ခံပါတယ်။ ကျွန်တော်တို့ဘက်က အမှန်ပြောရင် ခုံးကျော်လုပ်မလား။ Under Pass လုပ်မလား။ ဒါတွေဟာ သေသေချာချာစဉ်းစားသင့်တဲ့ကိစ္စတွေပါ။ ဒီလို Traffic Congestion ကို လွယ်လွယ်ကူကူ၊ မြန်မြန်ဆန်ဆန်ဖြေရှင်း နိုင်မယ်လို့လည်း ကျွန်တော်တို့က မစဉ်းစားသင့်ပါဘူး။ နောက်တစ်ခါ အခုနကပြောတဲ့ မန္တလေး-မြစ်ကြီးနားမှာ ပါဆယ်ရထားရှိပါတယ်။ အဲဒီမှာ ပါဆယ်မှာ ကုန်တွဲလုံးပြည့်တွေဟာ ဒီထဲမှာတင်တာဖြစ်ပါတယ်။ နောက်တစ်ခါ ဒီနိုင်ငံမှာ ဘယ်နိုင်ငံမှာမှ ယာဒ်ဝင်းထဲကို ဒီလို Level Crossing ဖြတ်တဲ့ ဘူတာတစ်ဘူတာမှ မရှိပါဘူး။

မူကြမ်း

အဲဒီတော့ ဒါကြောင့် ကျွန်တော်က ဘယ်လိုကူညီရမလဲလို့ပဲ စဉ်းစားတာပါ။ စဉ်းစားတဲ့အခါမှာ အစတုန်းက အပေါ်မှာ ပြထားတဲ့ ခရမ်းရောင်၊ ပန်းရောင်အပေါ်ကဟာက ဒါအရင်အစိုးရလက်ထက်မှာ မန္တလေးတိုင်းဒေသကြီးအစိုးရဟောင်းအနေနဲ့ ခွင့်ပြုခဲ့တဲ့ Development Area ပါ။ အဲဒီ Development Mann Myanmar ဆိုတဲ့ မြန်မာမန္တလေးကုမ္ပဏီက အဆောက်အဦကြီးဆိုလည်း ကျွန်တော် အလယ်ကနေပိုင်းပြီးတော့ ပေးလိုက်ပါတယ်။ ဖြတ်ပေးလိုက်ပါတယ်။ တကယ်လို့များ အရေးရယ်၊ အကြောင်းရယ် ခုံးကျော်များလုပ်ချင်ရင် လုပ်နိုင်အောင်၊ တစ်ခုခုဘာလုပ်ချင်လုပ်ချင်၊ အောက်ကသွားချင်သွားချင်၊ အပေါ်ကတက်ချင်တက်ချင်၊ လုပ်နိုင်အောင်ဆိုပြီး ကျွန်တော်တို့ဖြတ်ပြီးတော့ ပေးလိုက်ပါတယ်။ နောက်တစ်ချက် မန္တလေးဘူတာအပေါ်ကနေ ဖြတ်တဲ့ကိစ္စမှာလည်းပဲ ကျွန်တော်လုံးဝပိုက်ဆံမကောက်ဘဲနဲ့ Through သွားတဲ့ကားတွေ၊ Through သွားတဲ့ယာဉ်တွေကို Through အခမဲ့ပေးလိုက်ရင်ကော၊ လမ်း (၃၀) ကဖြတ်တာဆိုတော့ (၂၇) လမ်းနဲ့ လမ်း (၃၀)နဲ့ ဘာမှသိပ်ကွာစရာ အကြောင်းမရှိဘူးလို့ ကျွန်တော်ထင်ပါတယ်။ အဲဒီမှာ လွယ်လွယ်ကူကူဖြတ်သန်းဖို့။ ဒီနေရာမှာလည်း ပိုက်ဆံကြောင့်တဲ့။ သိန်း ၁၆၅၀ လောက် ကျွန်တော် မီးရထားရဲ့ နှစ်စဉ်အခွန်တော်ဝင်ငွေလျော့သွားနိုင်ပါတယ်။ ဒါပေမဲ့ အဲဒါလျော့တာထက် မြန်မြန်ရှင်းနိုင်မယ်ဆိုရင်လည်း ဟုတ်တယ်။ သို့သော်လည်းပဲ ပြဿနာက ဘူတာကြီးဟာ ကန့်သတ်နယ်မြေဖြစ်ပါတယ်။ ဘူတာကြီးထဲကို တွေ့ကရာဝင်လို့မရပါဘူး။ အခု ဒီလမ်းကို လုပ်လိုက်လို့ရှိရင် ရထားလမ်းနေရာတွေဟာ လမ်းပိတ်လို့မရပါဘူး။ တံတားလုပ်လို့မရပါဘူး။ အဲဒီအခါမှာ လူတွေက ဥဒဟိုဝင်/ထွက်သွားလာမယ်။ ပလပ်ဖောင်းပေါ်မှာ လူရောက်မယ်ဆိုရင် အရင်တုန်းကမီးလောင်မှုဖြစ်ခဲ့ပါတယ်။ ဘယ်လိုလူတွေလဲ။ အဲဒီတွဲဟောင်းတွေ မြစ်ငယ်ကိုပို့ရမယ့်အတွဲတွေ သုံး၊ လေး၊ ငါးရက်လောက် စောင့်ဆိုင်းနေရတယ်။ အဲဒီအတွဲပေါ်မှာ တက်ပြီးတော့ ကော်ရှူတဲ့ကလေးတွေက အိပ်တယ်။ အဲဒီမှာ လွန်ခဲ့တဲ့အနှစ် ၂၀ ကျော်က အတွဲမီးလောင်တယ်။ အခုလွန်ခဲ့တဲ့ နှစ်နှစ်၊ သုံးနှစ်ကလည်း တစ်ကြိမ်ဖြစ်တယ်။ ဒီတွဲယာဒ်ဝင်းဟာ ကန့်သတ်နယ်မြေဖြစ်ပါတယ်။ တွေ့ကရာ ဒီလိုဖွင့်လို့မရပါဘူး။ ဒါကြောင့် ကျွန်တော့်အနေနဲ့ အားလုံးတတ်နိုင်သမျှ ဘယ်လိုကောင်းအောင်လုပ်ရမလဲလို့ ပူးပေါင်းဆောင်ရွက်သွားမယ်ဖြစ်တဲ့အကြောင်း လောလောဆယ် ဒီလိုလွယ်လွယ်ကူကူ Level Crossing လုပ်ခြင်းကို ကျွန်တော့်အနေနဲ့ လုံးဝသဘောမတူပါကြောင်း ကျွန်တော် ရှင်းလင်းဖြေကြားအပ်ပါတယ်။ လေးစားပါတယ်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးမျိုးနိုင်(ချမ်းအေးသာစံမဲဆန္ဒနယ်)**။ ။ ဝန်ကြီးရှင်းပြသွားတည်းကလည်း ကျွန်တော်တို့ ပြည့်စုံသလောက်တော့ ရှိပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့ မန္တလေးသူ မန္တလေးသားတွေဟာ ခုန ကျွန်တော်ပြောသလို (၄၂)လမ်း ကနေပြီးတော့ (၃၅) လမ်းအထိ ဧရိယာတွေမှာ ဒီလိုဂိတ်တံတားတွေနဲ့ ဖြတ်သန်းနေတာ တောက်လျှောက်ပါပဲ။ အဲဒီတော့ ဒီနေရာလေးမှ ကျွန်တော်တို့ ဒီဖြတ်သန်းဖို့ ဧရိယာမှာ ရထားတွေအတွက် အခက်အခဲဖြစ်လာနိုင်မယ်ဆိုတဲ့ဟာတော့ ကျွန်တော့်အနေနဲ့ သိပ်ပြီးတော့ ပြဿနာရှိတဲ့ကိစ္စလို့ မထင်ပါဘူး။ ဘာလို့လဲဆိုတော့ ဒီဟာလည်း ကျွန်တော်တို့ သေချာလုပ်ပြီးတော့ ဒီဟာကို ပြေလည်နိုင်အောင် မန္တလေးစည်ပင်သာယာရေးကော်မတီကော၊

မန္တလေးမီးရထားဌာနကော စီစဉ်ဆောင်ရွက်ပြီးသားဖြစ်ပါတယ်။ ဒါပေမဲ့ ကျွန်တော်ခုနက အစီရင်ခံတဲ့ထဲမှာပါသလို တချို့အိမ်ယာဖျက်ဖို့ကိစ္စလေးမှာ အနှောင့်အယှက်သူတို့ကန့်ကွက်နေတာမျိုးတွေ ရှိနေလို့ ဒီလို ဖြေကြားတယ်လို့ ကျွန်တော့်အနေနဲ့ မြင်ပါတယ်။ ဒါကြောင့်မို့ ဒီဟာကို အမြန်ဆုံး ဆောင်ရွက်ပေးဖို့ ကျွန်တော့်အနေနဲ့ ထပ်ပြီးတိုက်တွန်းလိုပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ ဝန်ကြီးဌာနက ဖြေကြားနိုင်က ဖြေကြားပေးပါ။

**ဦးသန့်စင်မောင်(ပြည်ထောင်စုဝန်ကြီး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန)**။ ။ ကျွန်တော်အနေနဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးမျိုးနိုင်အပါအဝင် အားလုံးပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များကို ရှင်းပြချင်တာက တော်တော်များများ ဘယ်တိုင်းတွေ မှာပဲဖြစ်ဖြစ် ဘူတာတွေဟာ မြို့ထဲမှာ အဲဒီလိုပဲခြမ်းပြီးတော့ ဖြစ်နေကြတာပါပဲ။ ဥပမာ - ဟန္တီင်းဆိုလည်း အများကြီး ဒါကျွန်တော်တို့နဲ့ တူတာ။ တိုကျိုဖြစ်ဖြစ် အားလုံးအပေါ်တင်နိုင်ရင်လည်း တင်။ မတင်နိုင်ရင်လည်း အောက်ကသွားရင်လည်းသွား။ Level သွားရင်လည်းပဲ ခုနတုန်းက ဒီ Automatic ဂိတ်တံတားတွေ၊ အချက်ပြစနစ်တွေတပ်ဖို့လည်း ကျွန်တော်တို့ လုပ်နေပါတယ်။ ဒီဟာက အရမ်းပိုက်ဆံကုန်ပါတယ်။ ဒီ Tract ကို ဘီးနင်းလိုက်တာနဲ့ ဟိုဘက်ကဂိတ်က အလိုလိုလပ်သွားမယ်။ အဲဒီအခါမှာ လူတွေက မဖြတ်ရဘူးဆိုတာကို စည်းကမ်းရှိရပါမယ်။ အခုဟာ အဲဒါမျိုး ကျွန်တော်တို့ စမ်းလုပ်တဲ့အခါမှာလည်း တစ်ခါတစ်ရံ အဲဒီမောင်းတံကလည်း လွယ်လွယ်ကူကူမဖြတ်ဖို့ရာအတွက် များသောအားဖြင့် သံပိုက်လုံးနဲ့။ အဲဒီအခါမှာ အဲဒီအခါမျိုးမဖြတ်အောင် လုပ်ရမယ်။ အဲဒါတွေကို မြန်ဖို့ရာအတွက်လည်း အခု ဟိုတစ်နေ့ကလည်း JICA နဲ့ ဒီကိစ္စတွေဆွေးနွေးတာတွေရှိပါတယ်။ ဒါ့ကြောင့် ဒီကိစ္စကို သိပ်ပြီးတော့ တအားကြီး ငွေကုန်ကြေးကျများပြီးတော့ ဒီဟာကို ခုလောလောဆယ် ခုနတုန်းက ဒီဟာကို ၄၂ လမ်းနဲ့ ၃၅ လမ်း ကြားထဲကဟာက Through ဖြတ်တဲ့ရထားတွေပါ။ ဒါကယာဒ်ဝင်းကြီးပါ။ လုံးဝတွေးတာချင်းမတူတဲ့အတွက် ဒါလေးကိုတော့ သည်းခံပေးပါ။ နားလည်ပေးကြပါ။ ဘာလို့လဲဆိုတော့ ဒီဟာက ဒီလိုမြို့ထဲကို တန်းရောက်သော၊ အဲဒီမှာလည်းပဲ မန္တလေးရဲ့ Urban Transport Plan။ ခုနတုန်းက Town Plan လုပ်တဲ့အခါမှာ Urban Transport Plan က တစ်ခါတည်းပါရမှာပါ။ ခုနတုန်းက ADB လည်း လုပ်ပြီးပါပြီ။ JICA လည်းလုပ်ပြီးပြီ။ အဲဒီအခါမှာ ဒီလိုလုပ်ရမယ်ဆိုတဲ့ Recommendation တွေ မပါပါဘူး။ ကျွန်တော်တို့ဟာ သေသေချာချာ ၁.၃ သန်းဆိုရင် နည်းနည်း စဉ်းစားသင့်တယ်။ လူဦးရေ နှစ်သန်းရှိတဲ့မြို့ဆိုရင် Urban Transport Plan ဟာ သေသေချာချာ ကောင်းကောင်းရှိရမှာဖြစ်တယ်။ ဒါ့ကြောင့် ကျွန်တော် ကိုရီးယား KOICA လာတော့ အဲဒီ KOICA Team တစ်ခုကို မန္တလေးကို ရန်ကုန်မှာလုပ်သလို မန္တလေးမှာပဲ Transport Master Plan လုပ်ပေးပါ။ အဲဒီမှာ Transport အတွက် ဘယ်လို Rail System ဟာ လုပ်သင့်လဲ၊ လုပ်နိုင်လဲ ဆိုတာကို လေ့လာပေးဖို့ရာအတွက် ကျွန်တော် မေတ္တာရပ်ခံခဲ့ပါတယ်။ ဟိုတစ်နေ့ကလည်း Workshop လေးလုပ်ပါတယ်။ အကြမ်းဖျင်း ထက်ပိုပြီးတော့ စေ့စပ်သေချာတဲ့ဟာတစ်ခုလုပ်ဖို့ ဆောင်ရွက်နေပါတယ်ဆိုတဲ့အကြောင်း လေးစားစွာ ရှင်းလင်းတင်ပြအပ်ပါတယ်ခင်ဗျား။

**မာန်အောင်မြို့နယ်၊ သစ်ချောင်းနှင့် ကျီးချောင်းအဝင် ချောင်းအဝများအား မော်တော်နှင့်လှေများ အချိန်မရွေးဝင်နိုင်၊ ထွက်နိုင်ရေးအတွက် ပြန်လည်တူးဖော်ပေးရန်အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ မာန်အောင်မဲဆန္ဒနယ်မှ ဦးတင်နု(ခ)ဦးတင်နုအောင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးတင်နု(ခ)ဦးတင်နုအောင်(မာန်အောင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်သည်တော်များအားလုံးကို မင်္ဂလာပါလို့ ကျွန်တော်နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ်၊ မာန်အောင်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်နု(ခ) ဦးတင်နုအောင် ဖြစ်ပါတယ်။ ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် ကျွန်တော်မေးမြန်းလိုတဲ့မေးခွန်းကတော့ ကျွန်တော်တို့ မာန်အောင်မြို့နယ်မှာရှိတဲ့ သစ်ချောင်းနှင့် ကျီးချောင်းအဝင် ချောင်းအဝများကို မော်တော်နှင့်စက်လှေတွေ အချိန်မရွေးဝင်နိုင်၊ ထွက်နိုင်အောင် ပြန်လည်တူးဖော်ပေးဖို့ အစီအစဉ်ရှိ/မရှိ ပြည်သူများရဲ့ကိုယ်စား မေးမြန်းသွားမှာဖြစ်ပါတယ်။

ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ မေးခွန်းမေးမြန်းရခြင်းအကြောင်းကို ကျွန်တော်တင်ပြပါမယ်။ ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ မာန်အောင်ကျွန်းဟာ ရခိုင်ပြည်နယ်၊ ကျောက်ဖြူခရိုင်အတွင်းမှာရှိပြီး မြန်မာနိုင်ငံမှာ ဒုတိယအကြီးဆုံးကျွန်းတစ်ကျွန်းဖြစ်ပါတယ်။ ဘင်္ဂလားပင်လယ်အော်ထဲမှာရှိပြီး သွားလာရေးမှာ ရေကြောင်းကိုအဓိကအားထားနေရတဲ့ ကျွန်းတစ်ကျွန်းပါ။ မာန်အောင်ကျွန်းရဲ့ အကျယ်အဝန်းဟာ စတုရန်းမိုင် ၂၀၂ မိုင်ရှိပြီး ကျေးရွာအုပ်စု ၃၆ အုပ်စု၊ ကျေးရွာပေါင်း ၁၃၇ ရွာနဲ့ မြို့ပေါ်ရပ်ကွက် ၅ ရပ်ကွက်ရှိပါတယ်။ လူဦးရေ ၆၀၀၀၀ ကျော်နေထိုင်လျက်ရှိကြပါတယ်။ ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ မာန်အောင်ကျွန်းမှာ ပြည်သူများရေကြောင်းသွားလာတဲ့အခါမှာ အဓိကအားထားရတဲ့ ချောင်းကြီးသုံးချောင်းရှိပါတယ်။ အဲဒီချောင်းကြီးတွေကတော့ အုန်းချောင်း၊ ကျီးချောင်းနဲ့ သစ်ချောင်းတို့ပဲ ဖြစ်ကြပါတယ်။ အုန်းချောင်းကတော့ ပြန်တူးထားတာမို့ သွားလာရေးမှာ သိပ်ပြီးတော့အခက်အခဲမရှိတော့ပါဘူး။ ကျီးချောင်းနဲ့သစ်ချောင်းတွေကတော့ တစ်ကြိမ်တစ်ခါမှာ ပြန်တူးထားခြင်းမရှိလို့ ဒီရေမတက်ဘူးဆိုရင် ဘယ်လိုမှ မော်တော်တွေ၊ စက်လှေတွေဟာ ချောင်းအဝင်/အထွက်လုပ်လို့ မရတော့ပါဘူး။ ချောင်းအဝတွေဟာ လုံးဝတိမ်ကောနေပြီး ဒီရေတက်ချိန်ကျမှ ချောင်းကိုဝင်လို့၊ ထွက်လို့ရပါတော့တယ်။ ဒီရေအကျနဲ့ကြုံရင် ဒီရေတက်တဲ့အချိန်ထိ လေးနာရီလောက် ပင်လယ်ထဲကနေ စောင့်နေရတာမို့ အလွန်အန္တရာယ် များလျက်ရှိနေပါတယ်။ ကျွန်တော်တို့ငယ်ငယ်တုန်းက လှေသဗ္ဗာန်ကြီးတွေဟာ ဒီရေအတက်၊ အကျကိုစောင့်ဖို့မလိုဘဲ ချောင်းအတွင်းသို့ အချိန်မရွေးဝင်လို့၊ ထွက်လို့ရခဲ့ကြတာမို့ ပြည်သူများစွာ အဆင်ပြေခဲ့ကြပါတယ်။

ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ယခု ရမ်းဗြဲကျွန်းပေါ်မှာ ကင်းချောင်းတံတားကြီးကို ဆောက်လုပ်နေပြီဖြစ်ကြောင်း သိရှိရပါတယ်။ ကင်းချောင်းအဝနဲ့ သစ်ချောင်းအဝဟာ ရေမိုင် ၈ မိုင်ခန့်သာလျှင်ကွာဝေးပါတယ်။ စက်လှေနဲ့သွားရင် တစ်နာရီခန့်ကြာပြီး ရှပ်ပြေးယာဉ်နဲ့ဆိုရင် မိနစ် ၂၀ ခန့်ပဲကြာပါတယ်။ ဒီသစ်ချောင်းနဲ့ ကျီးချောင်းအဝတွေကိုသာ ပြန်လည်တူးဖော်ပေးမယ်ဆိုရင် ကျွန်တော်တို့ မာန်အောင်ကနေ ကျောက်ဖြူနဲ့ရမ်းဗြဲမြို့တွေကို နေ့ချင်းပြန်သွားလာနိုင်မှာဖြစ်ပါတယ်။ ပြည်သူတွေ

စီးပွားရေး၊ လူမှုရေးများစွာ ဖွံ့ဖြိုးတိုးတက်လာမှာဖြစ်တဲ့အတွက် ကျွန်တော်နဲ့တွေ့တိုင်း ဒီချောင်းတွေကို ပြန်လည်တူးဖော်ပေးဖို့ ပြည်သူများက အမြဲတောင်းဆိုကြပါတယ်။ ပြည်သူများအတွက် အမှန်တကယ်မရှိမဖြစ် အရေးတကြီးလိုအပ်နေပါတယ်။ ဒါကြောင့် ဒီကျီးချောင်းနဲ့ သစ်ချောင်းအဝင်ချောင်းအဝ များကို ပြန်လည်တူးဖော်ပေးဖို့အစီအစဉ်ရှိ/မရှိ ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာသို့မေးမြန်းပေးနိုင်ပါရန် ပြည်သူများရဲ့ကိုယ်စား တင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ။** ။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးသန့်စင်မောင်(ပြည်ထောင်စုဝန်ကြီး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ ခင်ဗျား။ ကျွန်တော် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအနေနဲ့ မာန်အောင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်နု(ခ)ဦးတင်နုအောင်ရဲ့ မာန်အောင်မြို့နယ်၊ သစ်ချောင်းနှင့် ကျီးချောင်းအဝင် ချောင်းအဝများအား မော်တော်နှင့်လှေများ အချိန်မရွေး ဝင်/ထွက်သွားလာနိုင်ရေးအတွက် ပြန်လည်တူးဖော်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းတဲ့ ကြယ်ပွင့်ပြမေးခွန်းကို ဖြေကြားသွားမှာဖြစ်ပါတယ်။

ကျွန်တော့်ကို Power Point သုံးစွဲခွင့်ပြုပါခင်ဗျား။ ကမ်းပြိုကာကွယ်ရေး၊ ရေလမ်းထိန်းသိမ်းရေးအားလုံးအတွက် သုံးစွဲနေတဲ့ ဘတ်ဂျက်အခြေအနေဟာ ပြည်ထောင်စုအစိုးရရဲ့ ရန်ပုံငွေကျွန်တော်တို့ဝန်ကြီးဌာနရဲ့ ဘတ်ဂျက်ကတော့ ၂၀၁၇-၂၀၁၈ အတွင်းမှာ ၂၁၄ ခုပေါ့။ ကမ်းပြိုခြင်း၊ ရေလမ်းထိန်းသိမ်းခြင်း၊ သောင်တူးဖော်ခြင်းဆိုတဲ့ လုပ်ငန်းပေါင်း ၂၁၄ ခုမှာ ကျွန်တော်တို့ဟာ ၃ ရာခိုင်နှုန်းပဲ ဘတ်ဂျက်ရရှိပါတယ်။ ကျွန်တော်တို့ရဲ့တာဝန်ခွဲဝေမှုအရ ကမ်းပြိုကာကွယ်ရေး၊ ထိန်းသိမ်းရေးအလုပ်တော်တော်များများဟာ တိုင်းဒေသကြီး/ပြည်နယ်ရဲ့ ဘတ်ဂျက်တွေက လုပ်ပါတယ်။ အဲဒီတော့ ၈၄ ရာခိုင်နှုန်းလောက်လုပ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့က ပြည်ထောင်စုအစိုးရနဲ့ ရခိုင်ပြည်နယ်အစိုးရနဲ့ပေါင်းစပ်ညှိနှိုင်းဖြေတဲ့အခါမှာ ရခိုင်ပြည်နယ်အစိုးရကို ကျွန်တော်တို့မေးမြန်းတဲ့အခါမှာ ရခိုင်ပြည်နယ်အစိုးရအနေနဲ့ ဒီ ၂၀၁၈-၂၀၁၉ ဘတ်ဂျက်နှစ်ပေါ့။ ၂၀၁၈ ခုနှစ်ရဲ့ အခု ဧပြီလကနေ စက်တင်ဘာလအထိ ခြောက်လကာလတို ဘတ်ဂျက်မှာတော့ မပါဘူး။ ဒီလိုဆိုရင် ၂၀၁၈-၂၀၁၉ ဘတ်ဂျက်ကကော သူတို့ဆွဲပြီးနေပြီတဲ့။ အဲဒီထဲမှာလည်း ဦးစားပေးအစီအစဉ်ထဲမှာ မပါဘူးဆိုတော့ သူတို့ ၂၀၁၈-၂၀၁၉ ခုနှစ် RE မှာတော့ ထည့်ပေးပါမယ်လို့ သူကဖြေကြားထားပါတယ်။ ကျွန်တော့်အနေနဲ့က အရင်တုန်းကကော ဘယ်လိုလုပ်ခဲ့ကြတာလဲလို့ စိစစ်ပါတယ်။ စိစစ်တော့ တကယ့်လိုအပ်ချက်ကို စစ်လိုက်တဲ့အခါမှာ သစ်ချောင်းဟာ မာန်အောင်ကနေပြီးတော့ ၇ မိုင်ဝေးတယ်။ ဇရပ်ကုန်းခင်ရွာကို ဝင်တယ်။ နေ့စဉ်ကျောက်ဖြူကို စက်လှေတစ်စီးထွက်ပါတယ်။ တောင်ကုတ်ကို စက်လှေနှစ်စီးသွားပါတယ်။ ငါးဖမ်းလှေအစီး ၃၀ လို့ ကျွန်တော်စာရင်းကောက်ယူရရှိပါတယ်။ ရေအနက်က ရေကျတဲ့အချိန်မှာ ရေအနက်နှစ်ပေပဲရှိပါတယ်။ ဒါကြောင့် ဒီရေစောင့်ပြီးတော့ ဝင်ရ၊ ထွက်ရတဲ့အခြေအနေ။ ခုနတုန်းက လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြတဲ့အတိုင်းမှန်ပါတယ်။ အဲဒီအခါကျ ဘယ်လောက်တူးရမှာလဲဆိုတော့ ချောင်းအဝကနေပြီးတော့ ရေကျချိန်မှာ

ဝင်ချင်ရင် ချောင်းအဝကနေပြီးတော့ သောင်ပြင်ကြီးကို ပေ ၁၅၀၀ တူးရမယ်ဆိုပြီးတော့ ပြောပါတယ်။ အဲဒီတော့ ဒီဟာက သောင်ကလည်း ပြန်ပြန်ကျနေမှာဆိုတော့ သုံးနှစ်တစ်ကြိမ်တူးဖို့လိုတယ်။ တစ်ခါ ကျီးချောင်း ဆိုတာကျတော့ မာန်အောင်ကနေပြီးတော့ ၄ မိုင်ကွာဝေးတယ်။ အဲဒီမှာ ငါးဖမ်းလှေနှင့် စက်လှေအချို့ ရှိတယ်ဆိုပြီးတော့ပဲ ရပါတယ်။ ရေအနက်နှစ်ပေလောက်ပဲရှိပါတယ်။ အဲဒီမှာလည်းပဲ ပေ ၆၀၀ လောက် ရေသွယ်မြောင်းတူးရမှာဖြစ်ပါတယ်။ ရေစစ်ချိန်ရော ဝင်နိုင်အောင်။ အဲဒီမှာ လည်းပဲ သုံးနှစ်တစ်ကြိမ်တူးရမယ်ဆိုတာဖြစ်ပါတယ်။ ဒါက အပေါ်ကနေ ရိုက်ထားတဲ့ပုံဖြစ်ပါတယ်။ သစ်ချောင်း၊ အုန်းချောင်း၊ ကျီးချောင်း၊ အုန်းချောင်းကလည်း တစ်ခါလုပ်ဖူးတယ်လို့ သိရပါတယ်။ အုန်းချောင်းလုပ်ထားတဲ့ အုန်းချောင်းကို လွန်ခဲ့တဲ့ သုံး၊ လေးနှစ်လောက်က လုပ်ထားတဲ့ဟာ ပေ ၁၀၀၀ ကျော်လောက် အဲဒီလိုလုပ်ရတယ်။ ပင်လယ်ထဲကသောင်ပြင်ကြီးကို အဲလိုကြီးလုပ်တော့ သုံးနှစ်တစ်ကြိမ်တူးရတယ်ဆိုတာ ဟုတ်နေတာကို။ တကယ်ရော ရေရှည်ဖြေရှင်းမှုမဟုတ်ဘဲနဲ့ သုံးနှစ်တစ်ခါ တူးနေရမယ်ဆိုတဲ့ ကိစ္စကြီးဖြစ်နေတယ်။ အဲဒီမှာ သစ်ချောင်းနဲ့ ကျီးချောင်းဟာ ဘယ်လောက်ကုန်မှာလဲဆိုတော့ သစ်ချောင်းကို အဲလိုသောင်တူးရင် ခုနတုန်းက တွက်ချက်တဲ့အတိုင်း ပေ ၁၀၀၀ ကျော်တူးခဲ့ရင် ၃၅ သန်းကုန်ပြီးတော့ ကျီးချောင်းကိုတူးရင် သန်း ၂၃ သန်းကုန်မယ်။ သုံးနှစ်တစ်ကြိမ်လည်း သုံးရမယ်။ ၂၀၁၈-၂၀၁၉ ဖြည့်စွက်မှာ ထည့်မယ်လို့ဆိုတော့ ကျွန်တော်က ရေရှည်ဖြေရှင်းမှုမျိုးပဲ လုပ်သင့်တယ်။ နှစ်တိုင်းနှစ်တိုင်း၊ သုံးနှစ်တစ်ကြိမ်၊ သုံးနှစ်တစ်ကြိမ် သန်း ၃၅ သန်းရယ်၊ ၂၃ သန်းရယ် အဲလိုကုန်နေတာဆိုရင်တော့လည်း သဘာဝကမကျပါဘူး။ အဲဒီရဲ့အောက်မှာလည်း တချို့က ကျောက်သားရှိနေပြီးတော့ တူးရလည်းခက်တယ်လို့ဆိုပါတယ်။ ဒါကြောင့် ကျွန်တော့်အနေနဲ့ကတော့ မြစ်ဝ၊ ချောင်းဝကနေပြီးတော့ ခုန ပေ ၁၀၀၀ ဆိုလည်း ပေ ၁၀၀၀၊ ပေ ၆၀၀ ဆိုလည်း ပေ ၆၀၀ တာရိုးလုပ်မယ်။ အဲဒီတာရိုးမှာ လှိုင်းကာတန်းလုပ်မယ်။ လှိုင်းကာတန်း လုပ်လိုက်ပြီးတော့မှ အဲဒီမှာ ငါးဖမ်းလှေတွေကပ်မယ်။ စက်လှေတွေကပ်မယ်။ လှိုင်းကာတန်းက လှိုင်းကာလိုက်မယ်။ အဲဒါဆိုရင် ကျွန်တော်တို့ဟာ အဲလိုလုပ်လို့ရသလားဆိုတာကို ကျွန်တော်တို့ သွားရောက်ပြီးတော့ စစ်ဆေးရေးအဖွဲ့နဲ့ လေ့လာပြီးတော့မှ အခုလောလောဆယ်လည်း ဖြေရှင်းနိုင်တဲ့ အနေအထားမရှိဘူး။ ၂၀၁၈-၂၀၁၉ ခုနှစ် RE ကျမှလည်း ပါမယ်ဆိုတော့ အဲဒါမတိုင်ခင်မှာ ရေရှည်ကာလရှည်ဖြေရှင်းတဲ့ လုပ်ငန်းကိုဆောင်ရွက်ကြပါစို့ဆိုပြီးတော့ ကျွန်တော် စီစဉ်နေပါတယ်။ အဲဒီအခါမှာ ဒါမှသာလျှင် တာရိုးရော၊ ကာပေါင်နဲ့သွားတဲ့အခါမှာ ရေစစ်ချိန်ပဲဖြစ်ဖြစ်၊ ရေတက်ချိန်ပဲဖြစ်ဖြစ် တာရိုးကနေပြီးတော့ စက်ဘီးနဲ့မော်တော်ဆိုင်ကယ်နဲ့ ခြေလျင်နဲ့ ထော်လာဂျီနဲ့သွားပြီးတော့ လှိုင်းကာတန်းမှာ စက်လှေတွေ၊ ငါးဖမ်းလှေတွေ ထားခြင်းအားဖြင့် ဆိပ်ကမ်းလည်းရသွားနိုင်တယ်။ ရေရှည်ဖြေရှင်းမှုဖြစ်မယ်။ အဲဒါရော၊ ပြည်သူလူထုရော ကျေနပ်သလား။ ကျွန်တော်တို့ကကော တကယ်တမ်းလုပ်နိုင်သလား။ အဲဒီအခါမှာ ပိုက်ဆံတစ်ခါတည်းတော့ ပိုကုန်ကောင်းကုန်နိုင်တယ်။ ဒါပေမဲ့ ရေရှည်ကာလရှည်ဖြေရှင်းမှုမျိုးဖြစ်မယ်လို့ ကျွန်တော် ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို လေးစားအပ်ပါတယ်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ**။ ။ မေးခွန်းများဖြေကြားပေးခဲ့တဲ့ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီး ပြန်လည်ထွက်ခွာနိုင်ပါပြီ။

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်းအစီအစဉ်ပြီးပါပြီ။

## အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့်အတည်ပြု၍ ပေးပို့လာသော နိုင်ငံ့ဝန်ထမ်းဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ တင်သွင်းထားသည့် ပြင်ဆင်ချက် အဆိုအား ဆွေးနွေးခြင်းနှင့် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ အစီအစဉ် ၆ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်မှာ စတင် တင်သွင်းပြီး ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ပေးပို့လာသော နိုင်ငံ့ဝန်ထမ်းဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းကို ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမနေ့ပုံမှန်အစည်းအဝေး (၂၁)ရက်မြောက်နေ့(၂၁-၂-၂၀၁၈ ရက်နေ့)တွင် လွှတ်တော်သို့လက်ခံ ရရှိကြောင်းအသိပေးခြင်းနှင့် ဥပဒေကြမ်းကော်မတီ၏အစီရင်ခံစာဖတ်ကြားရှင်းလင်းခြင်း ပြုလုပ်ခဲ့ပါ တယ်။ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းဆွေးနွေးလိုတဲ့ လွှတ်တော် ကိုယ်စားလှယ်များအနေဖြင့် မိမိပြင်ဆင်လိုသည့် အပိုဒ်၊ အပိုဒ်ခွဲများအနေဖြင့် အပိုဒ်ခွဲအကြောင်းအရာ အချက်အလက်များကို တိကျစွာရေးသားဖော်ပြ၍ ၂၃-၂-၂၀၁၈ ရက်နေ့ နောက်ဆုံးထားပြီး အမည် စာရင်းတင်သွင်းရန် တောင်းခံခဲ့ရာ လွှတ်တော်ကိုယ်စားလှယ်(၅)ဦးက အမည်စာရင်းတင်သွင်းလာပါ တယ်။ ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဆွေးနွေးအတည်ပြုခြင်းများ ဆောင်ရွက်ပါမယ်။ ဒီလို ဆွေးနွေးရာမှာ ဥပဒေကြမ်းရဲ့ခေါင်းစဉ်၊ နိဒါန်းမှအစ အပိုဒ်၊ အပိုဒ်ခွဲများနှင့် ဥပဒေကြမ်းတစ်ခုလုံး ပါဝင်မှာဖြစ်ပါတယ်။ ပြင်ဆင်ချက်အဆိုတင်သွင်းထားတဲ့ ဥပဒေကြမ်းကော်မတီနှင့် တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးဇင်လင်းတို့က သက်ဆိုင်ရာအပိုဒ်၊ အပိုဒ်ခွဲအလိုက် ဆွေးနွေးခြင်းပြုလုပ်ပြီး လွှတ်တော်ရဲ့ဆန္ဒသဘောထားရယူ၍ ဆုံးဖြတ်အတည်ပြုခြင်း၊ အမျိုးသား လွှတ်တော်၏ပြင်ဆင်ချက်များအနက် သဘောတူသင့်သည့်အချက်များကို အတည်ပြုခြင်းများ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နိုင်ငံ့ဝန်ထမ်းဥပဒေကို ဒုတိယ အကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းထားသော ဗိုလ်မှူး ဇင်လင်းနှင့် ဥပဒေကြမ်းကော်မတီတို့က ဆွေးနွေးမှာဖြစ်ပါတယ်။ ယခုစတင်ဆောင်ရွက်ပါမယ်။ နိုင်ငံ့ဝန်ထမ်းဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အဆိုတင်သွင်းဖို့ ဗိုလ်မှူးဇင်လင်းကို ဖိတ်ခေါ်ပါတယ်။

**ဗိုလ်မှူးဇင်လင်း(တပ်မတော်သားကိုယ်စားလှယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့ လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ တပ်မတော်သားပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဗိုလ်မှူးဇင်လင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနှင့် နိုင်ငံ့ဝန်ထမ်းဥပဒေကို ဒုတိယ အကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်ပတ်သက်ပြီး ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ဥပဒေ၊ အကြောင်း အရာများကို ရှင်းလင်းလွယ်ကူစွာ တင်ပြနိုင်ရန်အတွက် Power Point သုံးစွဲခွင့်ပြုပါရန် တင်ပြအပ် ပါတယ်။ ဥပဒေကြမ်းနှင့်ပတ်သက်ပြီး တင်ပြပါအတိုင်း အချက်သုံးချက်ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ယခုဥပဒေကြမ်းဟာ ဥပဒေစည်းမျဉ်း၊ စည်းကမ်းနှင့်အညီ ဆောင်ရွက်စေရန် ရည်ရွယ်ပြီး တင်ပြလာတယ်လို့ဆိုပါတယ်။ ဥပဒေကြမ်းတွင် တင်ပြပါအတိုင်း ပုဒ်မနှစ်ခုပါရှိပါတယ်။ ပြည်သူ့ဝန်ထမ်းရဲ့နယ်ပယ်မှာ များစွာကျယ်ဝန်းပြီး နိုင်ငံ့ဝန်ထမ်းရဲ့နယ်ပယ်မှာ ကျဉ်းမြောင်းပါတယ်။ ပြည်သူ့ဝန်ထမ်းရဲ့တစ်စိတ်တစ်ဒေသမျှသာဖြစ်တဲ့ နိုင်ငံ့ဝန်ထမ်းဥပဒေတွင် ပြည်သူ့ဝန်ထမ်းဆိုတဲ့စကားရပ်ကို အဓိပ္ပာယ်ဖွင့်ဆိုပြဋ္ဌာန်းရန် သင့်/မသင့်၊ ပြည်သူ့ဝန်ထမ်းထဲမှာ နိုင်ငံရေးနယ်ပယ်ကပုဂ္ဂိုလ်တွေပါဝင်နေတဲ့အတွက် ရာထူးသဘောအရ အမြင့်နယ်ပယ်ကို အနိမ့်နယ်ပယ်ထဲမှာ ထည့်သွင်းရန်သင့်/မသင့်၊ ဥပဒေရဲ့ခေါင်းစဉ်။ နိုင်ငံ့ဝန်ထမ်းဥပဒေနဲ့လိုက်လျောညီထွေမှုရှိ/မရှိ စဉ်းစားဖို့လိုအပ်မှာဖြစ်ပါတယ်။ ပြည်သူ့ဝန်ထမ်းဥပဒေကို သီးခြားပြဋ္ဌာန်းရန် လို/မလိုနှင့် နိုင်ငံတကာမှာ ဘယ်လိုပြဋ္ဌာန်းထားတယ်ဆိုတာကိုလည်း လေ့လာဖို့လိုအပ်မှာဖြစ်ပါတယ်။ ဥပဒေတစ်ခုတွင် စကားရပ်တစ်ခုကို အဓိပ္ပာယ်ဖွင့်ဆိုပါက အဆိုပါစကားရပ်ကို ဥပဒေထဲမှာ ထည့်သွင်းပြဋ္ဌာန်းရပါတယ်။ ယခု ပြည်သူ့ဝန်ထမ်းရဲ့အဓိပ္ပာယ်ဖွင့်ဆိုချက်ကို ဥပဒေထဲမှာ ထည့်သွင်းပြဋ္ဌာန်းခြင်းမရှိဘဲ သီးခြားချည်းကို အဓိပ္ပာယ်ဖွင့်ဆိုထားတာတွေ့ရမှာဖြစ်ပါတယ်။ ဥပဒေရေးထုံးနှင့် ညီညွတ်မှုရှိ/မရှိကိုလည်း ပြန်လည်သုံးသပ်ရမှာဖြစ်ပါတယ်။ နိုင်ငံ့ဝန်ထမ်းတွေဟာ နိုင်ငံ့ဝန်ထမ်းဥပဒေတွေကို တိကျစွာလိုက်နာရပါတယ်။ ပြည်သူ့ဝန်ထမ်းတွေဟာ နိုင်ငံ့ဝန်ထမ်းတွေလို ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်တွေ လိုက်နာစရာမလိုတော့ဘူးလား။ ဘယ်လိုလုပ်ထုံးလုပ်နည်းတွေနဲ့ လုပ်ကြမှာလဲဆိုတာလည်း မေးခွန်းထုတ်စရာဖြစ်ပါတယ်။ ပြည်သူ့ဝန်ထမ်းတွေ ဌာနဆိုင်ရာစည်းကမ်းဖောက်ရင် ဘယ်လိုအရေးယူမှာလဲဆိုတာလည်း စဉ်းစားစရာဖြစ်ပါတယ်။ ရာဇသတ်ကြီးဥပဒေ အခန်း(၉)မှာ ပြည်သူ့ဝန်ထမ်းတွေအတွက် သက်ဆိုင်တဲ့ပြစ်မှုတွေအတွက် ပုဒ်မ(၁၁)ခု ပြဋ္ဌာန်းထားပါတယ်။ ခေတ်စနစ်နှင့်ကိုက်ညီမှုမရှိတော့သလို လိုအပ်ချက်တွေလည်း ရှိနေပါတယ်။ ပြည်သူ့ဝန်ထမ်းတွေဟာ အထူးအခွင့်အရေးရှိပါသော်လည်း ထိုက်သင့်တဲ့ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းတွေ၊ အမိန့်တွေ လိုက်နာဖို့ လိုအပ်မှာ ဖြစ်ပါတယ်။ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၂ ပုဒ်မခွဲ(ဂ)နှင့် ပုဒ်မခွဲ( င)တို့မှာ တင်ပြပါအတိုင်း ဝန်ထမ်းအဖွဲ့အစည်းနဲ့ ဝန်ထမ်းဆိုတဲ့စကားရပ်တွေကို အဓိပ္ပာယ်ဖွင့်ဆိုထားပါတယ်။ နိုင်ငံ့ဝန်ထမ်းဥပဒေတစ်ရပ်လုံးဟာ ပြည်သူ့ဝန်ထမ်းတွေနဲ့သက်ဆိုင်မှုလုံးဝမရှိကြောင်း တွေ့ရှိရမှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဥပဒေတင်သွင်းရတဲ့ရည်ရွယ်ချက်နဲ့လည်း လုံးဝကိုက်ညီမှုမရှိကြောင်း တွေ့နေရပါတယ်။ ဥပဒေကြမ်းရဲ့ပုဒ်မခွဲငယ်(၂)နှင့်(၃)တို့မှာ တင်ပြပါအတိုင်း အဓိပ္ပာယ်ဖွင့်ဆိုထားပါတယ်။ နိုင်ငံရေးရာထူးဆိုတဲ့စကားရပ်ဟာကျယ်ပြန့်ပြီး မည်သည့်ဥပဒေကမျှ အဓိပ္ပာယ်ဖွင့်ဆိုထားခြင်းမရှိသေးပါဘူး။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေမှာ နိုင်ငံရေးရာထူးလက်ရှိဖြစ်သူဆိုတဲ့စကားရပ်ကို အဓိပ္ပာယ်ကို တင်ပြပါအတိုင်း ဖွင့်ဆိုထားပါတယ်။ အဲဒီတော့ ယခုဥပဒေကြမ်းမှာပါတဲ့ နိုင်ငံရေးရာထူးဆိုတဲ့အဓိပ္ပာယ်ဟာလက်ရှိလား၊ လက်မဲ့လားဆိုတာလည်း အငြင်းပွားစရာရှိနေပါတယ်။ အမျိုးမျိုးအဓိပ္ပာယ်တွေဖွင့်ဆိုပြီးတော့ ဖြစ်လာနိုင်ပါတယ်။ ဒါ့အတွက် နိုင်ငံရေးရာထူးဆိုတဲ့စကားရပ်ကို တိကျစွာ အဓိပ္ပာယ်ဖွင့်ဆိုဖို့လိုအပ်ကြောင်း တင်ပြလိုပါတယ်။ ဥပဒေကြမ်းရဲ့ပုဒ်မခွဲ(၅)မှာတင်ပြပါအတိုင်းပဲ အဓိပ္ပာယ်ဖွင့်ဆိုထားပါတယ်။ ပြည်သူ့ဝန်ထမ်းတစ်ဦးဟာ ထူးခြားတဲ့အခွင့်အရေးနဲ့ရပိုင်ခွင့်တွေ ရှိပါတယ်။ ၎င်းတို့ရပိုင်ခွင့်ရှိတဲ့ဟာတွေကို ၎င်းတို့ကဖွဲ့စည်းပေးတဲ့ အဖွဲ့အစည်းတွေမှာ ပါဝင်သူများ၊ ၎င်းတို့ကိုယ်စားလွှဲအပ်ခြင်းခံရသူများ၊ ထပ်ဆင့်တာဝန်ပေးအပ်ခံရသူများအထိ ဆွဲဆန့်ပြီး အဓိပ္ပာယ်ဖွင့်ဆိုထားတာ

ဟာ အလွန်အကျူးပြဋ္ဌာန်းချက်မျိုး ဖြစ်နေပါတယ်။ လွှဲအပ်ခံရသူတွေရဲ့လုပ်ပိုင်ခွင့်နှင့် ရပိုင်ခွင့်တွေကို သီးခြားပြဋ္ဌာန်းထားခြင်းလည်း မရှိပါဘူး။ ပဋိညာဉ်ဥပဒေအခန်း(၁၀)မှာပါတဲ့အတိုင်း လုပ်ပိုင်ခွင့်တွေကို လွှဲပေးသင့်ပါတယ်။ ဥပဒေထဲမှာပြဋ္ဌာန်းပြီး တစ်ခါတည်းပြဋ္ဌာန်းပြီး ခွင့်ပြုခြင်းမျိုးကို မဆောင်ရွက်သင့်ပါဘူး။ နောင်တွင် လုပ်ပိုင်ခွင့်ဆိုင်ရာ ရှုပ်ထွေးမှုတွေဖြစ်ပေါ်လာနိုင်ပါတယ်။ သူတို့တွေအလွဲသုံးစားပြုရင်၊ ပြစ်မှုကျူးလွန်ရင်၊ လုပ်ငန်းခွင့်စည်းကမ်းဖောက်ရင် ဘယ်လိုလုပ်ထုံးလုပ်နည်းတွေနဲ့ အရေးယူမှာလဲဆိုတာလည်း မေးခွန်းထုတ်စရာဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ရာဇသတ်ကြီးဥပဒေပုဒ်မ ၂၁ တွင် ပြည်သူ့ဝန်ထမ်းဆိုတဲ့ စကားရပ်ကို အဓိပ္ပာယ် ၁၁ မျိုး တင်ပြပါအတိုင်း ဖွင့်ဆိုထားပါတယ်။ ရှင်းလင်းချက်တွေလည်း ပါပါတယ်။ ကျွန်တော်တို့အခုဥပဒေကြမ်းမှာလည်း ရှင်းလင်းလွယ်ကူရန်အတွက် ရှင်းလင်းချက်တွေ ထည့်သွင်းသင့်တယ်လို့ တင်ပြလိုပါတယ်။ ဥပဒေကြမ်းရဲ့ပုဒ်မခွဲငယ်(၆)မှာ တည်ဆဲဥပဒေတစ်ရပ်ဆိုတဲ့ စာသားပါတဲ့အတွက် ရာဇသတ်ကြီးဥပဒေ ပုဒ်မ ၂၁ မှာပြဋ္ဌာန်းထားတဲ့ ပြည်သူ့ဝန်ထမ်းအဓိပ္ပာယ်ဖွင့်ဆိုချက်(၁၁)ခုလုံးကို အခုဥပဒေကြမ်းက လွှမ်းခြုံမှုရှိပါတယ်။ သို့သော်လည်း အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေမှာ တင်ပြပါအတိုင်း ပြည်ပပြည်သူ့ဝန်ထမ်းဆိုတဲ့ စကားရပ်ကို ထပ်မံအဓိပ္ပာယ်ဖွင့်ဆိုထားတာ တွေ့ရမှာ ဖြစ်ပါတယ်။ ဒါကြောင့် ဥပဒေကြမ်းနှင့် ရာဇသတ်ကြီးဥပဒေ နှစ်ခုလုံးဟာ တင်ပြပါ ပြည်ပပြည်သူ့ဝန်ထမ်းဆိုတဲ့ အဓိပ္ပာယ်ဖွင့်ဆိုမှုကိုတော့ လွှမ်းခြုံမှုမရှိကြောင်း တွေ့ရမှာဖြစ်ပါတယ်။ အဂတိလိုက်စားတိုက်ဖျက်ရေးဥပဒေမှာ ပြည်သူ့ဝန်ထမ်းဆိုတဲ့စကားရပ်ကို တင်ပြပါအတိုင်း အဓိပ္ပာယ်ဖွင့်ဆိုထားပါတယ်။ အဲဒီမှာ တည်ဆဲဥပဒေတစ်ရပ်ရပ်လို့ပါတဲ့အတွက် အခုဥပဒေကြမ်းကိုသာအတည်ပြုလိုက်ရင် ဥပဒေကြမ်းဟာ နှစ်ရပ်ဖြစ်လာမှာဖြစ်ပါတယ်။ အဲဒီအတွက် ကော်မရှင်အနေနဲ့ မည်သည့်ဥပဒေကို လက်ကိုင်ထားရမယ်ဆိုတာလည်း စဉ်းစားစရာဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ တရားရေးမဏ္ဍိုင်တိမ်းစောင်းနေမှုကို ပြန်တည့်မတ်ပေးဖို့အတွက် ပြည်ထောင်စုတရားလွှတ်တော်ချုပ်ကို တိုက်တွန်းတဲ့အဆိုကို ကျွန်တော်တို့ဆီမှာ အတည်ပြုခဲ့ပြီး ဖြစ်ပါတယ်။ ဒါကြောင့်မို့ ကျွန်တော်တို့အနေနဲ့လည်း ဥပဒေတွေပြဋ္ဌာန်းထားတဲ့အခါမှာ ရိုးရှင်းပြီး ကြည့်ရတာလွယ်ကူတဲ့ ဥပဒေတွေပြဋ္ဌာန်းပေးဖို့ လိုအပ်မှာဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ ဥပဒေပြုတဲ့အခါမှာ Quality of Legislation ကိုလည်း ကျွန်တော်တို့စဉ်းစားဖို့ လိုအပ်မှာ ဖြစ်ပါတယ်။ ဒ့ါအပြင် The Republic Service Enquiry Index လည်း ဘယ်လိုပတ်သက်နေလဲဆိုတာလည်း စဉ်းစားဖို့လိုပါတယ်။ ဒါကြောင့်မို့ ကျွန်တော်တို့အနေနဲ့ ဒီဥပဒေကြမ်းမှာ ဥပဒေဆိုင်ရာရှုပ်ထွေးမှုတွေရှိတဲ့အတွက် ဥပဒေကြမ်းတစ်ရပ်လုံးက ပြဋ္ဌာန်းပါစေဦး၊ ရာဇသတ်ကြီးဥပဒေကိုသာ ပြင်ဆင်သင့်ကြောင်း တင်ပြလိုပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၄၉ မှာ တင်ပြပါအတိုင်း အဓိပ္ပာယ်ပြဋ္ဌာန်းထားပါတယ်။ ဒီနေရာမှာ ပြည်သူ့ဝန်ထမ်းဆိုတာ နိုင်ငံသားတွေကို ဆိုလိုပါတယ်။ ဒ့ီအပြင် ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း Article 21 မှာလည်း လူတိုင်းသည် မိမိနိုင်ငံရဲ့ပြည်သူ့ဝန်ထမ်းတာဝန်ထမ်းဆောင်ရန် တူညီသောအခွင့်အရေးရှိတယ်ဆိုတဲ့ဟာကို ပြဋ္ဌာန်းထားတဲ့အတွက် ပြည်သူ့ဝန်ထမ်းဆိုတာ နိုင်ငံသားတွေအတွက် ရည်ရွယ်တယ်လို့ ဆိုလိုပါတယ်။ ဥပဒေပြဋ္ဌာန်းမယ်ဆိုရင် ဖွဲ့စည်းပုံနှင့်သော်လည်းကောင်း လူ့အခွင့်အရေးကြေညာစာတမ်းနှင့်ညီညွတ်ဖို့လိုပါတယ်။

ဒါ့အပြင် ဥပဒေကြမ်းရဲ့ ၇၄(က)အရ ပြည်သူ့ဘဏ္ဍာငွေသုံးပြီးတော့ ပြည်သူ့ဝန်ထမ်းတွေကို ခံစားခွင့်တွေပေးမယ်ဆိုရင် လွှတ်တော်တွေရဲ့အတည်ပြုချက် ရယူရန်လို/မလိုလည်း စဉ်းစားဖို့လိုအပ်မှာဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ နိုင်ငံတော်သမ္မတတစ်ဦးတည်းကိုသာ အရေးပေါ်ရန်ပုံငွေသုံးစွဲခွင့်ပြုထားပါတယ်။ ပြည်သူ့ဘဏ္ဍာငွေသုံးစွဲမယ်ဆိုရင် လွှတ်တော်တွေရဲ့အတည်ပြုချက်ရယူရမှာ ဖြစ်ပါတယ်။ ပြည်သူ့ဘဏ္ဍာငွေ မလိုအပ်ဘဲမဆုံးရှုံးအောင် ဆောင်ရွက်ဖို့ဖြစ်ပါတယ်။ ဖွဲ့စည်းပုံမရှိတဲ့ပြည်သူ့ဝန်ထမ်းတွေအတွက် ပြည်သူ့ဘဏ္ဍာငွေကို ကြိုက်သလိုစီမံဆောင်ရွက်ခွင့်ပေးသင့်/မပေးရရန် စဉ်းစားရမှာဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်အထက်ကတင်ပြသွားတဲ့ ကျိုးကြောင်းဖော်ပြချက်တွေအရ ကျွန်တော်ရဲ့နိုင်ငံ့ဝန်ထမ်းဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်တဲ့ဥပဒေကြမ်းတစ်ရပ်လုံးအား ပြဋ္ဌာန်းရန်မသင့်ကြောင်း ။

**ဒုတိယဥက္ကဋ္ဌ**။ ။ဥပဒေကြမ်းကော်မတီရဲ့သဘောထားပြောပါ။

**ဦးကျော်စိုးလင်း(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌနှင့် ဧည့်သည်တော်များအားလုံးမင်္ဂလာပါလို့ ဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ ဥပဒေကြမ်းကော်မတီရဲ့အတွင်းရေးမှူး ဦးကျော်စိုးလင်း ဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နိုင်ငံ့ဝန်ထမ်းဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့်ဥပဒေကြမ်းကို အတည်ပြုပြဋ္ဌာန်းသင့်ပါကြောင်း ဦးစွာတင်ပြလိုပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နိုင်ငံတော်၏ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးဆိုင်ရာလုပ်ငန်းတာဝန်များကို အကောင်အထည်ဖော်ဆောင်ရွက်တဲ့အခါမှာ နိုင်ငံ့ဝန်ထမ်းများကို အဓိကကျောရိုးမဏ္ဍိုင်အဖြစ် စနစ်တကျဖွဲ့စည်းဆောင်ရွက်ကြရပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြောင်းလဲလာတဲ့နိုင်ငံရေးအယူအဆများ၊ အုပ်ချုပ်ရေးပုံစံများအရလည်းကောင်း၊ နိုင်ငံတကာတွင် ပြောင်းလဲကျင့်သုံးလာသော ဝန်ထမ်းစနစ်များအရလည်းကောင်း အမြဲတမ်းခန့်အပ်ထားသော နိုင်ငံ့ဝန်ထမ်းအမျိုးအစားအပြင် နိုင်ငံ့အကျိုး၊ ပြည်သူ့အကျိုးအတွက် ယာယီအားဖြင့် ပူးပေါင်းပါဝင်သည့် ပြည်သူ့ဝန်ထမ်းများ၏အင်အားကိုလည်း ရယူ၍ နိုင်ငံတိုးတက်ဖွံ့ဖြိုးမှုလုပ်ငန်းများကို လုပ်ဆောင်လာကြရပါတယ်။ ထိုကဲ့သို့ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းတာဝန်များကို ထမ်းဆောင်ရာမှာ နိုင်ငံ့ဝန်ထမ်းများအပြင် အားဖြည့်ကူညီနိုင်မယ့် အကြံပေးပညာရှင်များ၊ နည်းပညာဆိုင်ရာ ကျွမ်းကျင်သောပညာရှင်များ၊ အချိန်ပိုင်းလုပ်အား လိုအပ်သောလုပ်ငန်းများအတွက် ဝန်ထမ်းများကို ခန့်အပ်၍ ပူးပေါင်းပါဝင်လုပ်ဆောင်စေလျက်ရှိပါတယ်။

ဥပမာအားဖြင့် ပြောရမယ်ဆိုလို့ရှိရင် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥပဒေကိုပြဋ္ဌာန်းပြီး နိုင်ငံတကာစံချိန်စံညွှန်းစံနှုန်းများနှင့် ကိုက်ညီစေရန် လိုအပ်သောအဖွဲ့အစည်းတစ်ရပ်ဖွဲ့စည်းခဲ့ပြီး ရုံးဝန်ထမ်းများကိုလည်း ခန့်အပ်ပေးခဲ့ပါတယ်။ အဲဒီကော်မရှင်ဝန်ထမ်းများဟာ

နိုင်ငံ့ဝန်ထမ်းများမဟုတ်ဘဲ ပြည်သူ့ဝန်ထမ်းများအဖြစ်သာ ခန့်အပ်တာဝန်ပေးအပ်ပြီးတော့ နိုင်ငံတော်၏လုပ်ငန်းတာဝန်များကို ထမ်းဆောင်စေလျက်ရှိပါတယ်။ ထို့အတူ ယခုအချိန်အခါမှာ နိုင်ငံတော်အစိုးရဌာနနှင့် အစိုးရအဖွဲ့အစည်းများမှာလည်းပဲ အကြံပေးပညာရှင်များ၊ နေ့စားလပေးဝန်ထမ်းများ ယာယီခန့်ထားသော ဆရာဆရာမများနှင့် စာချုပ်ဖြင့်ခန့်ထားသော ဝန်ထမ်းများကိုလည်း ခန့်အပ်ထားသည်ကို တွေ့ရှိရပါတယ်။ ထိုကဲ့သို့ နိုင်ငံ့ဝန်ထမ်းများနှင့်အတူ လက်တွဲပူးပေါင်းပါဝင်ရေး၊ နိုင်ငံ့အကျိုး တာဝန်ထမ်းဆောင်နေကြသော ပြည်သူ့ဝန်ထမ်းများနှင့်ပတ်သက်ပြီး ခံစားခွင့်များ၊ စည်းမျဉ်းစည်းကမ်းသတ်မှတ်ချက်များကို စနစ်တကျပြဋ္ဌာန်းထားရှိပေးရန် လိုအပ်မှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစိုးရဌာနနှင့် အစိုးရအဖွဲ့အစည်းတို့တွင် ပြည်သူ့ဝန်ထမ်းများ၏ လုပ်ငန်းသဘောသဘာဝမတူညီခြင်း၊ ခန့်အပ်ထားသည့် ပြည်သူ့ဝန်ထမ်းအမျိုးအစား ကွဲပြားခြားနားခြင်းတို့ကြောင့် တစ်ခုတည်းသော သီးခြားပြည်သူ့ဝန်ထမ်းဥပဒေတစ်ရပ်ရေးဆွဲပြဋ္ဌာန်းပြီး အသုံးပြုရန် ခက်ခဲသည်ကို တွေ့ရှိရပါတယ်။ သို့ဖြစ်ပါသောကြောင့် လုပ်ငန်းသဘောသဘာဝနှင့် ပြည်သူ့ဝန်ထမ်းအမျိုးအစားတို့အရ သက်ဆိုင်ရာအစိုးရဌာနနှင့် အစိုးရအဖွဲ့အစည်းတို့အလိုက် လိုက်လျောညီထွေမှုရှိသော နည်းဥပဒေများကိုသာ သီးခြားရေးဆွဲပြဋ္ဌာန်းရန် လိုအပ်မှာဖြစ်ပါတယ်။ သို့ဖြစ်ပါသောကြောင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နေသော နိုင်ငံ့ဝန်ထမ်းများကို အားဖြည့်ပူးပေါင်းပါဝင်လျက်ရှိသည့် ပြည်သူ့ဝန်ထမ်းအမျိုးအစားများကို ခွဲခြားသိစေပြီး ခံစားခွင့်များ၊ ဥပဒေအကာအကွယ်များရရှိစေရန်နှင့် စည်းကမ်းကောင်းမွန်သော ပြည်သူ့ဝန်ထမ်းများဖြစ်လာစေရေးအတွက် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းတို့အလိုက် မိမိခန့်အပ်ထားရှိသော ပြည်သူ့ဝန်ထမ်းဆိုင်ရာစည်းမျဉ်း၊ စည်းကမ်း၊ နည်းဥပဒေများ ထုတ်ပြန်ပြဋ္ဌာန်းနိုင်ရန် ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ နိုင်ငံ့ဝန်ထမ်းဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းကို ဆက်လက်အတည်ပြုပြဋ္ဌာန်းသင့်ပါကြောင်း လွှတ်တော်သို့ လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ**။ ။ပြည်ထောင်စုရာထူးဝန်အဖွဲ့ရဲ့ သဘောထားပြောပါ။

**ဒေါက်တာဝင်းသိမ်း(ဥက္ကဋ္ဌ၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျား။ နိုင်ငံ့ဝန်ထမ်းဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေ(မူကြမ်း)အပေါ် တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးဇင်လင်းမှ ဥပဒေကြမ်းတစ်ရပ်လုံးအား ပြဋ္ဌာန်းရန်မသင့်ပါဟု အကြံပြုဆွေးနွေးချက်နှင့်စပ်လျဉ်း၍ ပြည်ထောင်စုရာထူးဝန်အဖွဲ့အနေဖြင့် ပြဋ္ဌာန်းရန်လိုအပ်ပါကြောင်းကို ဥပဒေကြမ်းပါ ပြင်ဆင်ဖြည့်စွက်ရန် လျာထားသည့် ပုဒ်မတစ်ခုချင်းစီအလိုက်ကို ကျွန်တော် ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာဝင်းသိမ်းမှ ရှင်းလင်းတင်ပြလိုပါတယ်။

လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၉ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်(၄၂)ဖြင့် ထုတ်ပြန်ပြဋ္ဌာန်းခဲ့သည့် နိုင်ငံ့ဝန်ထမ်းဥပဒေကို ပြင်ဆင်သည့်ဥပဒေ ပုဒ်မ ၂ ပုဒ်မခွဲ(ဃ) ပုဒ်မခွဲငယ်(၁)တွင် ပြဋ္ဌာန်းထားသည့်

လွှတ်တော်အဖွဲ့အစည်းများ၏ အကြီးအမှူးများဆိုသည့် စကားရပ်သည် လွှတ်တော်များ၏ အကြီးအမှူးများဖြစ်သည့် လွှတ်တော်ဥက္ကဋ္ဌများကိုရည်ညွှန်း၍ စကားရပ်ဖြည့်စွက်ခဲ့ခြင်းဖြစ်သော်လည်း လွှတ်တော်ဆိုင်ရာဥပဒေများ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်များအရ လွှတ်တော်များတွင် ဖွဲ့စည်းထားသော ကော်မတီ၊ ကော်မရှင်အဖွဲ့များ၏ အကြီးအမှူးများလည်း ပါဝင်သည့်သဘောသက်ရောက်နေပါသဖြင့် လွှတ်တော်များ၏ အကြီးအမှူးများဟု ပြင်ဆင်ရခြင်းဖြစ်ပါတယ်။ နိုင်ငံ့ဝန်ထမ်းဥပဒေ ပုဒ်မ ၂ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲ(ဂ)၊ ပုဒ်မခွဲ(င)တို့ပါ ပြဋ္ဌာန်းချက်များအရ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ ဖွဲ့စည်းပုံပါဝန်ထမ်းများသည် နိုင်ငံ့ဝန်ထမ်းများဖြစ်ကြောင်း သုံးသပ်၍ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၌ ဆွေးနွေးခဲ့စဉ် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးတို့၏ သဘောတူညီချက်ဖြင့် ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းဟူသည့် စကားရပ် အဓိပ္ပာယ်ဖွင့်ဆိုချက်၌ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံးကို ဖြည့်စွက်ပြဋ္ဌာန်းခဲ့ခြင်းဖြစ်သော်လည်း ယခုအချိန်တွင် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် ၎င်း၏ သီးခြားဥပဒေနှင့် ရပ်တည်နေသည့်အဖွဲ့အစည်းဖြစ်ပြီး ဝန်ထမ်းခန့်ထားရေး၊ ရာထူးတိုးမြှင့်ရေးဆိုင်ရာလုပ်ထုံးလုပ်နည်းများအရ နိုင်ငံ့ဝန်ထမ်းမဟုတ်ဘဲ ပြည်သူ့ဝန်ထမ်းဖြစ်သည့်အတွက် ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်၊ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၊ ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများအားလုံး ညှိနှိုင်းဆွေးနွေးခဲ့ပြီး ပုဒ်မ ၂ ပုဒ်မခွဲ(စ) ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းဟူသည့် စကားရပ် အဓိပ္ပာယ်ဖွင့်ဆိုချက်တွင် ပါရှိသော မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံးဆိုသည့်စကားရပ်ကို ပယ်ဖျက်ရခြင်းဖြစ်ပါတယ်။ နိုင်ငံ့ဝန်ထမ်းနှင့် ပြည်သူ့ဝန်ထမ်းကို ကွဲကွဲပြားပြားဖြစ်စေရန် ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်၊ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၊ ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများအားလုံး ညှိနှိုင်းဆွေးနွေးခဲ့ကြပါတယ်။ အစည်းအဝေးညှိနှိုင်းရရှိချက်အရ ပြည်သူ့ဝန်ထမ်း၏အဓိပ္ပာယ်ကို ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်မှ ဖွင့်ဆို၍ ပြည်ထောင်စုလွှတ်တော်မှတစ်ဆင့် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးသို့ အဆင့်ဆင့်တင်ပြခဲ့ရာ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့တို့ ညှိနှိုင်းရန် လမ်းညွှန်ခဲ့ပါတယ်။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏ လမ်းညွှန်ချက်အရ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ပြန်လည်ညှိနှိုင်းပြီး ပြည်သူ့ဝန်ထမ်းဆိုသည့် အဓိပ္ပာယ်ဖွင့်ဆိုချက် စကားရပ်ကို နိုင်ငံ့ဝန်ထမ်းဥပဒေ ပုဒ်မ ၂ တွင် ပုဒ်မခွဲ(ည)ကို ဖြည့်စွက်ရခြင်းဖြစ်ပါတယ်။

နိုင်ငံ့ဝန်ထမ်းဥပဒေ ပုဒ်မ ၈ ပုဒ်မခွဲ(ခ)နှင့်စပ်လျဉ်း၍ ပြန်တမ်းဝင်အရာရှိအဆင့်ဝန်ထမ်းများ၊ ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းတစ်ခုမှ အခြားဝန်ကြီးဌာနနှင့် အဖွဲ့အစည်းတစ်ခုသို့ပြောင်းရွှေ့ရာတွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့သို့ ညှိနှိုင်း၍ ပြည်ထောင်စုရာထူးဝန်အဖွဲ့မှ ညှိနှိုင်းလာသည့်အပေါ် စိစစ်ပြီး ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြရန် ပြဋ္ဌာန်းထားခြင်းဖြစ်ပါတယ်။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဟုဆိုပါက ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌမှ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏ ညွှန်ကြားရေးမှူးချုပ်

ထံသို့ တင်ပြသကဲ့သို့ဖြစ်နေသည့်အတွက် ရာထူးအရ ပြည်ထောင်စုအစိုးရအဖွဲ့ဟု ပြင်ဆင်ရခြင်း ဖြစ်ပါတယ်။ ပြည်သူ့ဝန်ထမ်းဆိုသည့် စကားရပ်အဓိပ္ပာယ်ကို ထည့်သွင်းပြဋ္ဌာန်းမည်ဆိုပါက နိုင်ငံ့ဝန်ထမ်းဥပဒေတွင် ပါရှိလာပြီဖြစ်သည့်အတွက် ပြည်သူ့ဝန်ထမ်းများ၏ ရာထူးတိုးမြှင့်ရေး၊ ဝန်ထမ်းရေးရာကိစ္စမှန်သမျှအားလုံးသည် နိုင်ငံ့ဝန်ထမ်းနှင့်သက်ဆိုင်ခြင်းမရှိစေရန် ဝန်ကြီးဌာနအဖွဲ့အစည်းများ၏ သဘောတူညီချက်ဖြင့် ပုဒ်မ ၇၄ ပုဒ်မခွဲ(က)ကို ဖြည့်စွက်ရခြင်းဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ နိုင်ငံ့ဝန်ထမ်းဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေ(မူကြမ်း)အား ပယ်ဖျက်ရန်မသင့်ပါကြောင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ကို နာခံမည်ဖြစ်ပါကြောင်း ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် ရှင်းလင်းတင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နိုင်ငံ့ဝန်ထမ်းဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေနှင့်စပ်လျဉ်းပြီး ဗိုလ်မှူးဇင်လင်းက ဥပဒေတစ်ခုလုံးအား ပြဋ္ဌာန်းရန်မသင့်ကြောင်း တင်ပြခဲ့ပြီး ဥပဒေကြမ်းကော်မတီက ဗိုလ်မှူးဇင်လင်း၏ တင်ပြချက်အား သဘောမတူဘဲ ဤဥပဒေအား ပြဋ္ဌာန်းသင့်ကြောင်း ဆွေးနွေးခဲ့ပါတယ်။ ဒါကြောင့် ဥပဒေကြမ်းကော်မတီရဲ့ ဥပဒေကြမ်းအား ပြဋ္ဌာန်းသင့်ကြောင်း တင်ပြချက်ကိုမူတည်၍ မဲခွဲဆုံးဖြတ်ရမှာဖြစ်ပါတယ်။ ထောက်ခံမဲများလျှင် ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်က အတည်ဖြစ်ပါမယ်။ ကန့်ကွက်မဲများလျှင် ဗိုလ်မှူးဇင်လင်း၏ တင်ပြချက် အတည်ဖြစ်ပါမယ်။ ယခု ဆွေးနွေးတဲ့ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး စက်ခလုတ်အသုံးပြု၍ ဆန္ဒမဲပေးတဲ့နည်းလမ်းဖြင့် မဲခွဲဆုံးဖြတ်သွားမှာဖြစ်ပါတယ်။ ဆန္ဒမဲပေးဖို့ အသင့်ဖြစ်စေလိုပါတယ်။ ဆန္ဒမဲပေးနိုင်ကြပါပြီ။

**ဒုတိယဥက္ကဋ္ဌ**။ ။ ယခု ဆန္ဒမဲပေးလို့ပြီးပါပြီ။ ရရှိတဲ့ဆန္ဒမဲစာရင်းကို ကြေညာပါ့မယ်။ ထောက်ခံမဲ ၂၆၃ မဲ၊ ကန့်ကွက်ဆန္ဒမဲ ၁၃၂ မဲနှင့် ကြားနေမဲ ၂ မဲဖြစ်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ထောက်ခံဆန္ဒမဲကများတဲ့အတွက် နိုင်ငံ့ဝန်ထမ်းဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီ၏တင်ပြချက်အတိုင်း အတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၀ နည်းဥပဒေခွဲ(ဃ)အရ နိုင်ငံ့ဝန်ထမ်းဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအနက် သဘောတူသင့်သည့် (၇)ချက်ကို ဥပဒေကြမ်းကော်မတီက တင်ပြဖို့ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီ တင်ပြဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးကျော်စိုးလင်း(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၁)ရက်မြောက်နေ့ဖြစ်သည့် ၂၁-၂-၂၀၁၈ ရက်နေ့ (ဗုဒ္ဓဟူးနေ့)တွင် ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက်အစီရင်ခံစာကို လွှတ်တော်သို့တင်ပြခဲ့ပြီး ပြင်ဆင်ချက်အဆိုများကို ၂၃-၂-၂၀၁၈ ရက်(သောကြာနေ့) နောက်ဆုံး

ထား၍ တင်သွင်းနိုင်ကြောင်း ကြေညာခဲ့သဖြင့် မိတ္ထီလာမဲဆန္ဒနယ်မှ ဒေါက်တာမောင်သင်း၊ မြေပုံမဲဆန္ဒနယ်မှ ဦးဖေသန်း၊ ဘီးလင်းမဲဆန္ဒနယ်မှ ဦးတင်ကိုကိုဦး၊ မြစ်သားမဲဆန္ဒနယ်မှ ဒေါက်တာလင်းလင်းကျော်နှင့် တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးဇင်လင်း တို့မှ ပြင်ဆင်ချက်အဆိုများကို တင်သွင်းလာခဲ့ကြပါတယ်။

ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ပြင်ဆင်ချက်အဆိုတင်သွင်းသူ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်သူ့လွှတ်တော် နိုင်ငံသားများ၏ မူလအခွင့်အရေးဆိုင်ရာ ကော်မတီ၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်တို့မှ တာဝန်ရှိပုဂ္ဂိုလ်များ နှင့်အတူ ၁၃-၃-၂၀၁၈ ရက် (အင်္ဂါနေ့)တွင် ညှိနှိုင်းအစည်းအဝေးကျင်းပပြုလုပ်ခဲ့ပါတယ်။ ထိုညှိနှိုင်း အစည်းအဝေး၏သဘောတူဆုံးဖြတ်ချက်များအရ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် အမျိုးသားလွှတ်တော်မှ ပြင်ဆင်အတည်ပြုခဲ့သည့် အချက်များအနက် အချက် ၇ ချက်ကို အမျိုးသား လွှတ်တော်၏ အတည်ပြုချက်အတိုင်း သဘောတူလက်ခံခဲ့ပါတယ်။ သို့ဖြစ်ပါ၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီက သဘောတူသည့် အမျိုးသားလွှတ်တော်၏ အတည်ပြုချက် ၇ ချက်ကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် လွှတ်တော်သို့ လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နိုင်ငံ့ဝန်ထမ်းဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များ အနက် ၇ ချက်ကို ဥပဒေကြမ်းကော်မတီက သဘောတူထားပါတယ်။ ဒီဥပဒေကြမ်းက သဘောတူ ထားတဲ့ ၇ ချက်ကို အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်အတိုင်း အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဒုတိယဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူတဲ့သူမရှိတဲ့ အတွက် နိုင်ငံ့ဝန်ထမ်းဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်တဲ့ ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသား လွှတ်တော်၏ ပြင်ဆင်ချက်များအနက် ဥပဒေကြမ်းကော်မတီက သဘောတူထားတဲ့ ၇ ချက်ကို အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်အတိုင်း အတည်ပြုကြောင်းကြေညာပါတယ်။ (သြဘာသံများ)

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော် ဆိုင်ရာနည်းဥပဒေ ၁၉၀ နည်းဥပဒေခွဲ(ဃ)အရ နိုင်ငံ့ဝန်ထမ်းဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီက ပြင်ဆင်ထားသည့် ပြင်ဆင်ချက် ၉ ချက်ကို တင်သွင်းဖို့ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဦးကျော်စိုးလင်း(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ညှိနှိုင်းအစည်းအဝေး ၏သဘောတူဆုံးဖြတ်ချက်အရ အမျိုးသားလွှတ်တော်၏ အတည်ပြုချက်အတိုင်း သဘောမတူဘဲ

ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်တင်ပြချက် ၉ ချက်ဖြစ်ပါတယ်။ ပြင်ဆင်ရန် တင်ပြချက်ဇယားကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေထားပြီးလည်းဖြစ်ပါတယ်။

[ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ရန် တင်ပြချက် ၉ ချက်မှာ အောက်ပါ အတိုင်းဖြစ်ပါသည်။]

| **စဉ်** | **စာမျက်နှာ** | **အမှတ်စဉ်** | **အပိုဒ်နှင့် အပိုဒ်ခွဲ** |
|---|---|---|---|
| (က) | ၁ | ၂၊ ၃ | ဥပဒေခေါင်းစီး၊ အပိုဒ် ၁ |
| (ခ) | ၂ | ၅ | အပိုဒ် ၃ |
| (ဂ) | ၃ | ၆ | အပိုဒ် ၄ ခြေဆင်းနှင့် ပုဒ်မ ၂ ပုဒ်မခွဲ(ည)ခြေဆင်း |
| (ဃ) | ၄ မှ ၅ | ၉၊ ၁၀ | အပိုဒ် ၄ {ပုဒ်မ ၂ ပုဒ်မခွဲ(ည) ပုဒ်မခွဲငယ်(၄)ကို အဆိုပြု ပြဋ္ဌာန်းချက်အတိုင်းထားရှိခြင်း}၊ အပိုဒ် ၄ {ပုဒ်မ ၂ ပုဒ်မခွဲ(ည) ပုဒ်မခွဲငယ်(၅)ကို ပြင်ဆင်ခြင်း} |
| (င) | ၆ | ၁၃၊ ၁၅ | အပိုဒ် ၄ {ပုဒ်မ ၂ ပုဒ်မခွဲ(ည) ပုဒ်မခွဲငယ်(၉)ကို အဆိုပြု ပြဋ္ဌာန်းချက်အတိုင်း ထားရှိခြင်း}၊ အပိုဒ် ၆ ခြေဆင်း |
| (စ) | ၈ | ၁၇ | အပိုဒ် ၆ {အမျိုးသားလွှတ်တော်၏ အသစ်ဖြည့်စွက်ချက် ပုဒ်မ ၇၄-ခ ကို ပယ်ဖျက်ခြင်း} |

သို့ဖြစ်ပါ၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ရန် တင်ပြချက် ၉ ချက်ကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် လေးစားစွာ တင်သွင်းအပ်ပါတယ်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုရာထူးဝန်အဖွဲ့ရဲ့ သဘောထားပြောပါ။

**ဒေါက်တာဝင်းသိမ်း(ဥက္ကဋ္ဌ၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ယခု တင်ပြချက်အား သဘောတူကြောင်း တင်ပြလိုပါ တယ်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နိုင်ငံ့ဝန်ထမ်းဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီက ပြင်ဆင်ထားသည့် ပြင်ဆင်ချက် ၉ ချက်အား အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဒုတိယဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူတဲ့သူမရှိတဲ့အတွက် နိုင်ငံ့ဝန်ထမ်းဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက် ၉ ချက်သည် ဥပဒေကြမ်းကော်မတီ၏ပြင်ဆင်ချက်များအတိုင်း ဤဥပဒေကြမ်း၏အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။ (သြဘာသံများ)

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နိုင်ငံ့ဝန်ထမ်းဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းခြင်း၊ ဆွေးနွေးဆုံးဖြတ်ခြင်းများ ပြုလုပ်ခဲ့ပြီးပါပြီ။ ဒီလိုဆောင်ရွက်ရာမှာ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့က ပြင်ဆင်ခြင်းမပြုတဲ့အပိုဒ်၊ အပိုဒ်ခွဲများကို မူလအဆိုပြုချက်အတိုင်း အတည်ပြုသွားမှာဖြစ်ပါတယ်။ ဒီနေရာမှာ လွှတ်တော်ရဲ့ပြင်ဆင်အတည်ပြုချက်များကြောင့် ပြောင်းလဲသွားတဲ့အပိုဒ်၊ အပိုဒ်ခွဲ၊ အမှတ်စဉ်များကိုလည်း တစ်ပါတည်း အတည်ပြုချက် ရယူမှာဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံ့ဝန်ထမ်းဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းတစ်ရပ်လုံးကို ပြင်ဆင်ထားသည့်အပိုဒ်၊ အပိုဒ်ခွဲအတိုင်း အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဒုတိယဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူတဲ့သူမရှိတဲ့အတွက် အမျိုးသားလွှတ်တော်မှာ စတင်တင်သွင်းပြီး ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပြည်သူ့လွှတ်တော်သို့ ပေးပို့လာတဲ့ နိုင်ငံ့ဝန်ထမ်းဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းတစ်ရပ်လုံးကို ပြင်ဆင်ထားသည့်အပိုဒ်၊ အပိုဒ်ခွဲအတိုင်း အတည်ပြုကြောင်းနှင့် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၀၀ အရ ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဒုတိယဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာနိုင်ပါပြီ။

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့အစည်းအဝေးမှာ လွှတ်တော်ကိုယ်စားလှယ်များကို အသိပေးရန်ရှိပါတယ်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်(တာမွေမဲဆန္ဒနယ်) က လွှတ်တော်ဥက္ကဋ္ဌတာဝန်မှ နုတ်ထွက်ကြောင်း ၂၀၁၈ ခုနှစ်၊ မတ်လ ၂၁ ရက်နေ့ ရက်စွဲဖြင့် လက်မှတ်ရေးထိုးတင်ပြလာပါတယ်။

သို့

ဒုတိယဥက္ကဋ္ဌ

ပြည်သူ့လွှတ်တော်

ရက်စွဲ၊ ၂၀၁၈ ခုနှစ်၊ မတ်လ ၂၁ ရက်

အကြောင်းအရာ။ **ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌအဖြစ်မှ နုတ်ထွက်ခြင်း၊**

၂၀၁၈ ခုနှစ်၊ မတ်လ ၂၁ ရက်နေ့မှစ၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌအဖြစ်မှ နုတ်ထွက်ကြောင်း အကြောင်းကြားပါသည်။

(ပုံ)

ဝင်းမြင့်

တာမွေမဲဆန္ဒနယ်

ရန်ကုန်တိုင်းဒေသကြီး

မိတ္တူကို

ညွှန်ကြားရေးမှူးချုပ်

ပြည်သူ့လွှတ်တော်ရုံး တို့ဖြစ်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ ဒါကြောင့် ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများနှင့်အညီ လစ်လပ်သွားတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာ အစားထိုးရွေးချယ်တင်မြှောက်ခြင်းကို လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ကြောင်း သတိပေးကြေညာပါတယ်။

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၃၀)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၃၁)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကိုကြေညာခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ အစီအစဉ် ၇ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၃၀)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၃၁)ရက်မြောက်နေ့ကို ၂၀၁၈ ခုနှစ်၊ မတ်လ ၂၂ ရက်(ကြာသပတေး)နေ့ နံနက် ၁၀ နာရီအချိန်မှာ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်းနှင့် ယနေ့အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၂:၁၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

မှုကြမ်း

**အခမ်းအနားမှူး။** ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၃၀)ရက်မြောက်နေ့ကို ၁၂း၁၀ နာရီအချိန်တွင် ရပ်နားပါသည်။]

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၃၀) ရက်မြောက်နေ့ (၂၁.၃.၂၀၁၈) ရက်နေ့တွင် မေးမြန်းဖြေကြားခဲ့သည့် ပုဂ္ဂိုလ်များ




Maj Genl Myint Nwe　　U Sai Ba Thein




U Khin Maung Cho　　Daw Khin Hninn Thit




U Maw Than　　U Zone Taint




U Maw Than　　U Ar Moe Si




U Thant Zin Maung　　U Myo Naing




U Thant Zin Maung　　U Tin Nu

# ပြည်သူ့လွှတ်တော်

ပြည်သူ့အသံ လွှတ်တော်အသံ

ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ

ပြည်သူတို့မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက်